မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၇ ]** ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် ( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက် ) } **သောကြာနေ့ [ အတွဲ ၇၃**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်)

**ယူနက်စကိုဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံသည် ယူနက်စကိုအလုပ်အမှုဆောင်အဖွဲ့ သက်တမ်း (၂၀၁၉-၂၀၂၃) အတွက် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေစဉ်ကာလအတွင်း ယူနက်စကိုနှင့် ပတ်သက်ဆက်နွှယ်သည့်ကဏ္ဍများ၌ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်နှင့် ယူနက်စကိုနှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ဦးစားပေးဆောင်ရွက်လိုသည့် ကဏ္ဍများကို ချမှတ်ဆောင်ရွက်နိုင်ရေးအတွက်သာမက အနာဂတ်ကာလတွင်လည်း မြန်မာနိုင်ငံနှင့် ယူနက်စကိုတို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးတို့အတွက် **ယူနက်စကိုဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးချမ်းအေး<br>ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာကျော်မိုးဦး<br>ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ယ) ဒေါက်တာညီညီကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) ဦးကျော်တင်ရှိန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ဒေါက်တာသီတာတင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဆ) ဒေါက်တာသိန်းလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဇ) ဒေါက်တာကျော်ကျော်ဝင်း — အဖွဲ့ဝင်
ဒုတိယပါမောက္ခချုပ်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စျ) ဦးဟိန်းထက်စိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ)
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ဒေါက်တာမြင့်မြင့်သန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဋ) ဒေါက်တာကြည်ရွှင် — အတွင်းရေးမှူး
ပါမောက္ခချုပ်
ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဌ) ဒေါက်တာမေစန်းရီ — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

၂။ **ယူနက်စကိုဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးညှိနှိုင်းဆွေးနွေးမှုကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယူနက်စကိုဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင်များ အနေဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ယူနက်စကို အောက်ရှိကဏ္ဍများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရန်၊

(ခ) ယူနက်စကိုဆိုင်ရာ ကာလတို၊ ကာလရှည် မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ညှိနှိုင်းရေးဆွဲရမည့် မူဝါဒဆိုင်ရာကိစ္စရပ်များနှင့် စုပေါင်းဖြေဆိုရမည့် အွန်လိုင်းစစ်တမ်းဆိုင်ရာကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင်များအကြား လိုအပ်သလို အစည်းအဝေးခေါ်ယူ၍ ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) ယူနက်စကိုဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးမှုကော်မတီအစည်းအဝေးအား (၃) လလျှင် တစ်ကြိမ် ခေါ်ယူရန်နှင့် အရေးကြီးကဏ္ဍအလိုက် လိုအပ်သည့်အချိန်များတွင် အစည်းအဝေးခေါ်ယူရန်၊

(ဃ) ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနအလိုက် ဆောင်ရွက်နေသည့် ယူနက်စကိုဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကော်မတီဥက္ကဋ္ဌထံသို့ (၃) လလျှင် တစ်ကြိမ်တင်ပြရန်၊

(င) ကော်မတီဥက္ကဋ္ဌမှ မြန်မာနိုင်ငံအဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် ယူနက်စကိုနှင့် ယင်း၏ဆက်စပ်အဖွဲ့များသို့ ပုံမှန်အစီရင်ခံစာတင်သွင်းရန်ရှိပါက ဆက်စပ်ဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်း၍ အချိန်မီတင်သွင်းနိုင်ရေး ဆောင်ရွက်ရန်။

၃။ "မူ" အရ ဆုံးဖြတ်ခြင်း မပြုနိုင်သောကိစ္စများ ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။

(ပုံ) ဝင်းမြင့်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်)

### ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးဖြိုးမင်းသိန်း — ဥက္ကဋ္ဌ<br>
တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဦးလှအေး — အဖွဲ့ဝင်<br>
တိုင်းဒေသကြီးတရားသူကြီးချုပ်

(ဂ) ဗိုလ်မှူးကြီးအောင်စိုးမိုး — အဖွဲ့ဝင်<br>
တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး

(ဃ) ဦးရဲမင်းဦး — အဖွဲ့ဝင်<br>
တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး

(င) ဦးဟံထွန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး

(စ) ဒေါ်နီလာကျော် — အဖွဲ့ဝင်
တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

(ဆ) ဦးမောင်မောင်စိုး — အဖွဲ့ဝင်
တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး

(ဇ) ဦးနိုင်ငံလင်း — အဖွဲ့ဝင်
တိုင်းဒေသကြီးလူမှုရေးဝန်ကြီး

(ဈ) ဒေါ်မိုးမိုးစုကြည် — အဖွဲ့ဝင်
တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး

(ည) နော်ပန်းသဥ္စာမျိုး — အဖွဲ့ဝင်
တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(ဋ) ဦးဇော်အေးမောင် — အဖွဲ့ဝင်
တိုင်းဒေသကြီးရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

(ဌ) ဒေါ်ခင်မျိုးကြည် — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေချုပ်

(ဍ) ဒေါ်ခင်သန်းလှ — အဖွဲ့ဝင်
တိုင်းဒေသကြီးစာရင်းစစ်ချုပ်

(ဎ) ဗိုလ်မှူးကြီးသန်းထူးဇော် — အဖွဲ့ဝင်
တိုင်းဦးစီး (ဗိုလ်မှူးကြီး) ရန်ကုန်တိုင်းစစ်ဌာနချုပ်

(ဏ) ရဲမှူးချုပ်မျိုးမင်းထိုက် — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး

(တ) ဦးနေဝင်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရန်ကုန်တိုင်းဒေသကြီး၊ အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)

(ထ) ဒေါက်တာထွန်းမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန

(ဒ) ဦးမြင့်နိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဓ) ဦးကြည်တင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(န) ဦးအောင်ကျော်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပညာရေးမှူးရုံး

(ပ) ဦးမျိုးဝင်း — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန

(ဖ) ဦးမြင့်ဆွေ — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဗ) ဦးသိန်းဦး — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(ဘ) ဦးသိန်းဌေးအောင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(မ) ဦးအောင်မျိုးခိုင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ယ) ဒေါက်တာသန်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(ရ) ဦးကျော်လင်းသန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(လ) ဦးကျော်ဝင်း — အဖွဲ့ဝင်
တိုင်းဒေသကြီးတာဝန်ခံ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(ဝ) ဒေါ်ရီရီငြိမ်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အောက်မြန်မာပြည်)
ရန်ကုန်တိုင်းဒေသကြီးမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(သ) ဦးရန်လင်း — အဖွဲ့ဝင်
ဒါရိုက်တာအဖွဲ့ဝင်(၂)
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

(ဟ) ဦးစောနိုင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာတိုင်းဦးစီးမှူးရုံး

(ဠ) ဦးနိုင်ဝင်းထွန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးရောင်းဝယ်ရေးအရာရှိ
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

(အ) ဒေါက်တာတင်သစ္စာလွင် — အဖွဲ့ဝင်
ဒုတိယတိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ကက) ဦးသန်းတိုးအောင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ်၊ တိုင်းဒေသကြီးလမ်းဦးစီးဌာန

(ခခ) ဦးအောင်သူလတ် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ(အောက်မြန်မာပြည်)၊ မြန်မာ့မီးရထား

(ဂဂ) ဦးကျော်စိုး — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းအဖွဲ့

(ဃဃ) ဒေါ်နန်းချိုချိုပြုံး — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့

(ငင) ဒေါ်အေးမာဦး — အဖွဲ့ဝင်
အတွင်းရေးမှူး
တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့

(စစ) ဦးလှအောင် — အဖွဲ့ဝင်
တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့

(ဆဆ) ဦးအောင်မင်းမင်းကို — အဖွဲ့ဝင်
တိုင်းတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့

(ဇဇ) ဦးထွန်းနိုင်ကို — အဖွဲ့ဝင်
ခရိုင်အုပ်ချုပ်ရေးမှူး
ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဈဈ) ဦးမိုးဇော်စိုး — အဖွဲ့ဝင်
ခရိုင်အုပ်ချုပ်ရေးမှူး
ရန်ကုန်အနောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ညည) ဦးနေဝင်းအောင် — အဖွဲ့ဝင်
ခရိုင်အုပ်ချုပ်ရေးမှူး
ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဋဋ) ဦးစိုးသိန်း — အဖွဲ့ဝင်
ခရိုင်အုပ်ချုပ်ရေးမှူး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဌဌ) ဦးစိုးစိုးဇော် — အတွင်းရေးမှူး
အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဍဍ) ဦးဝင်းရွှေ — တွဲဖက်အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

၂။ တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၂/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်)

**ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ရှမ်းပြည်နယ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇ အရ **ရှမ်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးများအားလုံး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဥပဒေချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (င) | ပြည်နယ်စာရင်းစစ်ချုပ်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>ပြည်နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ပြည်နယ်မီးသတ်တပ်ဖွဲ့မှူး<br>ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်နယ်ဦးစီးမှူး<br>ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယအင်ဂျင်နီယာချုပ်<br>ရှမ်းပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး(မြို့ပြ)<br>ရှမ်းပြည်နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်တာဝန်ခံ<br>ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) | အဖွဲ့ဝင် |
| (ဍ) | ပြည်နယ်ဦးစီးမှူး<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| (ဏ) | ပြည်နယ်မန်နေဂျာ<br>ရှမ်းပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ) | အဖွဲ့ဝင် |

(တ) ပြည်နယ်ရောင်းဝယ်ရေးအရာရှိ — အဖွဲ့ဝင်
ရှမ်းပြည်နယ်မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း

(ထ) တိုင်းတာဝန်ခံ — အဖွဲ့ဝင်
တိုင်းအမှတ် (၃/၄)၊ မြန်မာ့မီးရထား(အောင်ပန်း၊ မန္တလေး)မြို့

(ဒ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး

(ဓ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(န) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ပ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ တောင်ကြီးမြို့

(ဖ) တွဲဖက်ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ လားရှိုးမြို့

(ဗ) တွဲဖက်ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ ကျိုင်းတုံမြို့

(ဘ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့

(မ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရှမ်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့

(ယ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့

(ရ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရှမ်းပြည်နယ်

(လ) သဘာဝဘေးအန္တရာယ်ဆိုင်ရာကျွမ်းကျင်ပညာရှင် (၁) ဦး — အဖွဲ့ဝင်

(ဝ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

(သ) အတွင်းရေးမှူး — အတွင်းရေးမှူး
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဟ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ရှမ်းပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

၂။ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ပါသည်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်)

**အလှကုန်ပစ္စည်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **အလှကုန်ပစ္စည်းဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**အလှကုန်ပစ္စည်းဥပဒေ (မူကြမ်း)**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

၁၃၈၂ ခုနှစ်၊ လ ရက်

(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အလှကုန်ပစ္စည်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အလှကုန်ပစ္စည်း** ဆိုသည်မှာ လူတို့၏မျက်နှာ၊ နှုတ်ခမ်း၊ ဆံပင်၊ အမွေးအမှင်၊ လက်သည်း၊ ခြေသည်း၊ အရေပြား၊ ပြင်ပလိင်အင်္ဂါ၊ သွားနှင့် ခံတွင်းတို့တွင် အသုံးပြုရန်ဖြစ်ပြီး အဓိကအားဖြင့် ၎င်းတို့ကို သန့်ရှင်းစင်ကြယ်စေခြင်း၊ မွှေးကြိုင်စေခြင်း၊ အဆင်းအသွင်အပြင် ပြောင်းလဲစေခြင်း၊ ခန္ဓာကိုယ်အနံ့အသက် ပြုပြင်စေခြင်း၊ ကောင်းမွန်သည့်အခြေအနေတွင် ထိန်းသိမ်းထားခြင်း သို့မဟုတ် မပျက်စီးရန် ကာကွယ်ခြင်းတို့ကို ဖြစ်စေသည့် အရာဝတ္ထုပစ္စည်း တစ်ခုခု သို့မဟုတ် ဖော်စပ်ထားသော အရာဝတ္ထုပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလှကုန်ပစ္စည်းဟု သတ်မှတ်သောပစ္စည်းများလည်း ပါဝင်သည်။

(ခ) **အလှကုန်ပစ္စည်းထုတ်လုပ်ခြင်း** ဆိုသည်မှာ အလှကုန်ပစ္စည်းကုန်ကြမ်းမှစ၍ ကုန်ချောရရှိသည် အထိ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် သို့မဟုတ် အဆင့်တစ်ခုခု ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပါဝင်ပစ္စည်းများကို ပေါင်းစည်းဖော်စပ်ခြင်း၊ ဖြည့်သွင်းခြင်း၊ ထုပ်ပိုးခြင်းနှင့် ကုန်အမှတ်တံဆိပ်၊ အညွှန်းအမှတ်အသားဖော်ပြခြင်းတို့လည်း ပါဝင်သည်။

(ဂ) **ထုတ်လုပ်သူလက်မှတ်** ဆိုသည်မှာ ပြည်တွင်း၌ အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ထုတ်လုပ်သူအဖြစ် ဦးစီးဌာနကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဃ) **မှတ်တမ်းတင်လက်မှတ်** ဆိုသည်မှာ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသော အလှကုန်ပစ္စည်းများ အတွက် ဦးစီးဌာနကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(င) **အညွှန်းအမှတ်အသားဖော်ပြခြင်း** ဆိုသည်မှာ အလှကုန်ပစ္စည်းကုန်ချောထည့်သော ဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံ သို့မဟုတ် အလှကုန်ပစ္စည်းကို ထုပ်ပိုးထားသည့် ပစ္စည်းတစ်ခုခုပေါ်တွင် သက်ဆိုင်ရာ အချက်အလက်များကို ကုန်အမှတ်တံဆိပ်နှင့်အတူ မြင်သာအောင် ဖော်ပြထားခြင်းကို ဆိုသည်။

(စ) **အရည်အသွေးသတ်မှတ်ချက်** ဆိုသည်မှာ သုံးစွဲသူများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ အကျိုးအာနိသင်ရှိပြီး အရည်အသွေးစစ်မှန်ကောင်းမွန်သည့် အလှကုန်ပစ္စည်းဖြစ်ကြောင်း ဦးစီးဌာနက သတ်မှတ်ခြင်းကို ဆိုသည်။

(ဆ) **ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသော ကျင့်စဉ်နှင့် အာဆီယံဒေသတွင်းနိုင်ငံများက အသိအမှတ်ပြုထားသော ကျင့်စဉ်များကို ဆိုသည်။

(ဇ) **ကုန်ပစ္စည်းသတင်းအချက်အလက်စာတွဲ** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသော အလှကုန်ပစ္စည်းနှင့်သက်ဆိုင်သည့် အခြေခံနည်းပညာ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အချက်အလက်များ၊ အရည်အသွေးပိုင်းဆိုင်ရာ သက်သေအထောက်အထားများနှင့် ကုန်ပစ္စည်း ဖြန့်ဖြူးမှုမှတ်တမ်းများကို ဆိုသည်။

(ဈ) **ကြော်ငြာခြင်း** ဆိုသည်မှာ ပုံနှိပ်ထုတ်ဝေခြင်း၊ လျှပ်စစ်ရုပ်သံနည်းလမ်း၊ အင်တာနက်၊ ဝက်ဘ်ဆိုက် တို့မှတစ်ဆင့် အသိပေးစာ၊ လက်ကမ်းစာ၊ အညွှန်းစာ၊ ထုပ်ပိုးစာ စသည်တို့အပါအဝင် အရုပ်ဖြစ်စေ၊ အသံဖြစ်စေ၊ စာဖြင့်ဖြစ်စေ မိမိကုန်ပစ္စည်းအား အများပြည်သူသို့ အသိပေးခြင်း သို့မဟုတ် ထုတ်ပြန်ခြင်းကို ဆိုသည်။

(ည) **ပြင်းထန်သောဆိုးကျိုးဖြစ်ရပ်** ဆိုသည်မှာ အလှကုန်ပစ္စည်းတစ်ခုကို သုံးစွဲရန်အညွှန်းအတိုင်း အသုံးပြုစဉ်တွင် အသက်ဆုံးရှုံးစေနိုင်ခြင်း သို့မဟုတ် အသုံးပြုသူ၏ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် အောက်ပါအခြေအနေ တစ်ရပ်ရပ်ကို ဆိုသည်-

(၁) မျက်နှာနှင့် အရေပြားဆိုင်ရာရောဂါများ ဖြစ်ပေါ်ခြင်းကြောင့် ကာလကြာရှည်စွာ ဆေးကုသမှု ခံယူရသည်အထိဖြစ်စေ၊ ခွဲစိတ်ကုသမှု ခံယူရသည်အထိဖြစ်စေ ထိခိုက်ခြင်း၊

(၂) ဆေးကုသ၍မရနိုင်တော့သည့် အရေပြား အမြဲပုံသေပျက်စီးခြင်း၊

(၃) လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေခြင်းနှင့် လူမှုပတ်ဝန်းကျင်ဆက်ဆံရေးကြောင့် စိတ်ဓာတ်ကျဆင်းရောဂါဖြစ်ပေါ်ခြင်း၊

(၄) သန္ဓေသားအား ထိခိုက်နာကျင်စေခြင်း၊ အသက်ဆုံးရှုံးစေခြင်း သို့မဟုတ် မွေးရာပါ သန္ဓေသား မူမမှန်ချို့ယွင်းမှု ဖြစ်ပေါ်စေခြင်း။

(ဋ) **ခြေရာခံစနစ်** ဆိုသည်မှာ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းအဆင့်များတွင် အလှကုန်ပစ္စည်း၏ လာရာနှင့် လားရာကို နောက်ယောင်ခံသည့် စနစ်ကို ဆိုသည်။

(ဌ) **အာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော မြန်မာနိုင်ငံ အလှကုန်ပစ္စည်းဆိုင်ရာ အာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဦးစီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အလှကုန်ပစ္စည်းများသည် သုံးစွဲသူအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေး စစ်မှန် ကောင်းမွန်စေရန်၊

(ခ) ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသည့် အလှကုန်ပစ္စည်းများကို မှတ်တမ်းတင်ထားရှိရန်၊

(ဂ) ပြည်တွင်း၌ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့ကို ကြီးကြပ်ကွပ်ကဲရန်၊

(ဃ) ဒေသတွင်းနိုင်ငံအသီးသီး၏ အလှကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ စိစစ်မှုနည်းလမ်းများနှင့် ပြဋ္ဌာန်းချက်များကို အပြန်အလှန်အသိအမှတ်ပြုနိုင်ကြရန်၊

(င) လွတ်လပ်သော ကုန်သွယ်မှုဒေသများအတွင်း ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများကို လျှော့ချနိုင်ရန်။

## အခန်း (၃)
## အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် မြန်မာနိုင်ငံ အလှကုန်ပစ္စည်းဆိုင်ရာ အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) လိုအပ်ပါက ပုဒ်မခွဲ (က) နှင့်အညီ အာဏာပိုင်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ အာဏာပိုင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အလှကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ အညွှန်းအမှတ်အသားဖော်ပြခြင်း၊ ကြော်ငြာခြင်းတို့နှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ခြင်း၊

(ခ) အလှကုန်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဂ) အလှကုန်ပစ္စည်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် လိုအပ်သောကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီတို့၏ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဃ) မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဦးစီးဌာနအား လွှဲအပ်၍ ဆောင်ရွက်စေခြင်း။

## အခန်း (၄)
## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အာဏာပိုင်အဖွဲ့၏ မူဝါဒနှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အလှကုန်ပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များကို အကောင်အထည်ဖော်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်၍ ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချသော အလှကုန်ပစ္စည်းများကို စျေးကွက်မတင်မီ စိစစ်၍ မှတ်တမ်းတင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ ယာယီပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်း၌ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းများအတွက် ထုတ်လုပ်သူလက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ယာယီပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်အား သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အလှကုန်ပစ္စည်း အညွှန်းအမှတ်အသားဖော်ပြခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) အလှကုန်ပစ္စည်းတွင် ပါဝင်ဖော်စပ်ခွင့်မပြုသည့် တားမြစ်ဓာတုပစ္စည်းများအား သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင်သတ်မှတ်ခြင်း၊

(င) ကန့်သတ်သတ်မှတ်ထားသော ဓာတုပစ္စည်း၊ အရောင်ဆိုးဆေး၊ တာရှည်ခံပစ္စည်းနှင့် ခရမ်းလွန်ရောင်ခြည်ကာပစ္စည်းများ၏ ကန့်သတ်ရာခိုင်နှုန်းအား သတ်မှတ်ခြင်းနှင့် လိုအပ်ပါက ထပ်မံပြင်ဆင်သတ်မှတ်ခြင်း၊

(စ) ပြည်တွင်း၌ အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းများနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဆ) ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အကျိုးအာနိသင်ရှိမှုနှင့် အရည်အသွေးကောင်းမွန်မှုတို့အတွက် ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းလုပ်ငန်းစဉ်အား သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဇ) အာဏာပိုင်အဖွဲ့က အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)
## ထုတ်လုပ်သူလက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၈။ ပြည်တွင်း၌ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် ထုတ်လုပ်သူလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၉။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၈ အရ လျှောက်ထားလာပါက သတ်မှတ်အခကြေးငွေ ပေးသွင်းစေပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် အလှကုန်ပစ္စည်းသည် အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပြီး လုပ်ငန်းသည် သတ်မှတ်ထားသည့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်တို့နှင့် ကိုက်ညီလျှင် သတ်မှတ်ကာလအတွင်း လျှောက်ထားသူအား ထုတ်လုပ်သူလက်မှတ်ကို ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် အလှကုန်ပစ္စည်းသည် အရည်အသွေးသတ်မှတ်ချက်များ၊ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားရန် ညွှန်ကြားချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အကြောင်းကြားချက်အပေါ် လျှောက်ထားသူက ပြင်ဆင်ဆောင်ရွက်ခြင်းပြုပြီး ပြန်လည်လျှောက်ထားလာပါက စိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီကြောင်း တွေ့ရှိလျှင် ပုဒ်မခွဲ (ခ) ပါ အတိုင်း ဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ (ဂ) အရ ပြင်ဆင်ဆောင်ရွက်ပြီး ပြန်လည်လျှောက်ထားမှုကို စိစစ်ရာတွင် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်းအချက်များကိုဖော်ပြ၍ ထုတ်လုပ်သူလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်လိုပါက ညွှန်ကြားချက်အတိုင်းပြုပြင်ပြီး ထပ်မံလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း (၇)

## မှတ်တမ်းတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၀။ ပြည်တွင်း၌ထုတ်လုပ်သော သို့မဟုတ် ပြည်ပမှတင်သွင်းသော အလှကုန်ပစ္စည်းများကို ဖြန့်ဖြူး ရောင်းချခြင်း ပြုလုပ်လိုသူသည် ဈေးကွက်မတင်မီ မိမိ၏ အလှကုန်ပစ္စည်းများအတွက် မှတ်တမ်းတင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၁။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၀ အရ လျှောက်ထားလာပါက သတ်မှတ်အခကြေးငွေ ပေးသွင်းစေပြီး အရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိလျှင် သတ်မှတ် ကာလအတွင်း လျှောက်ထားသူအား မှတ်တမ်းတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ဂ) သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် ယင်းအကြောင်းအချက်များကိုဖော်ပြ၍ မှတ်တမ်းတင်လက်မှတ်ထုတ်ပေးခြင်းကို ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြား ရမည်။ ငြင်းပယ်ခံရသော အလှကုန်ပစ္စည်းအား ဈေးကွက်တင်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်းကို ဆောင်ရွက်ရမည်။

၁၂။ အလှကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချခြင်း သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်သူသည် အလှကုန်ပစ္စည်း မှတ်တမ်းတင်လက်မှတ် သို့မဟုတ် ထုတ်လုပ်သူ လက်မှတ်ကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက တောင်းခံစိစစ်လျှင် တင်ပြရမည်။

## အခန်း (၈)

## အညွှန်းအမှတ်အသားဖော်ပြခြင်း

၁၃။ အလှကုန်ပစ္စည်းထုတ်လုပ်သူ သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသူသည် အလှကုန်ပစ္စည်း၏ အညွှန်း အမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သိသာထင်ရှားစွာ ဖော်ပြရမည်-

(က) တံဆိပ်အမှတ်အသား၊

(ခ) ကုန်ပစ္စည်းအမျိုးအမည်၊

(ဂ) ပါဝင်ပစ္စည်းစာရင်းအပြည့်အစုံ၊

(ဃ) ပါဝင်ပစ္စည်းများ၏ စုစုပေါင်းအသားတင်အလေးချိန် သို့မဟုတ် ထုထည်၊

(င) ထုတ်လုပ်သည့် ကုမ္ပဏီအမည်နှင့် နိုင်ငံ၊

(စ) ထုတ်လုပ်မှုအပတ်စဉ်နံပါတ်၊

(ဆ) ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊

(ဇ) သုံးစွဲပုံနည်းလမ်း၊

(ဈ) သုံးစွဲရာတွင် အထူးသတိပြုရမည့်အချက်များနှင့် ရှောင်ရန်အခြေအနေများ၊

(ည) သိုလှောင်ထိန်းသိမ်းရမည့်အခြေအနေ၊

(ဋ) ပြည်ပမှတင်သွင်းသော အလှကုန်ပစ္စည်းဖြစ်လျှင် ပြည်တွင်း၌ ပင်မဖြန့်ဖြူးသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဌ) အလှကုန်ပစ္စည်းမှတ်တမ်းတင်အမှတ်။

၁၄။ ပုဒ်မ ၁၃ အရ အညွှန်းအမှတ်အသားဖော်ပြရာတွင် ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချမည့် ပစ္စည်းများအတွက် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့်ဖြစ်စေ ရှင်းလင်းစွာဖော်ပြရမည်။ သို့ရာတွင် ပုဒ်မခွဲ (က)၊ (ဂ)၊ (င)၊ (စ)၊ (ဆ) နှင့် (ဌ) တို့ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြနိုင်သည်။

## အခန်း (၉)
## ကြော်ငြာခြင်း

၁၅။ အလှကုန်ပစ္စည်းတစ်ခု၏ ကောင်းကျိုးကိုဖော်ပြသည့် ကြော်ငြာများသည် လက်တွေ့သုံးစွဲမှုအရ လည်းကောင်း၊ သိပ္ပံနည်းကျစမ်းသပ်တွေ့ရှိချက်အရလည်းကောင်း၊ ထုတ်လုပ်ပုံနှင့် ပါဝင်ပစ္စည်းများ၏ အစွမ်းသတ္တိအရလည်းကောင်း မှန်ကန်ကြောင်း ခိုင်လုံသော အထောက်အထားများအပေါ် အခြေခံ၍ ဖော်ပြခြင်းဖြစ်ရမည်။

## အခန်း (၁၀)
## ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြင်းထန်သောဆိုးကျိုးဖြစ်ရပ်ပေါ်ပေါက်မှုကို သတင်းပေးပို့ခြင်း

၁၆။ ဦးစီးဌာနသည် အလှကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ မရှိနှင့်စပ်လျဉ်း၍ ပုံမှန်ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းအပြင် သံသယဖြစ်ဖွယ်တွေ့ရှိပါက ထုတ်လုပ်သည့်နေရာ၊ သိုလှောင်ရုံ သို့မဟုတ် ဝန်ဆောင်မှုပေးသောနေရာရှိ အလှကုန်ပစ္စည်းကိုဖြစ်စေ၊ ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်းကိုဖြစ်စေ ရှောင်တခင်စစ်ဆေးနိုင်ရန် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့အား တာဝန်ပေး ဆောင်ရွက်စေနိုင်သည်။

၁၇။ ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်းကိုသုံးစွဲရန်အညွှန်းအတိုင်း မှန်ကန်စွာအသုံးပြုသော်လည်း သုံးစွဲသူတွင် ပြင်းထန်သော ဆိုးကျိုးဖြစ်ရပ်ပေါ်ပေါက်ကြောင်း စိစစ်တွေ့ရှိရလျှင် သို့မဟုတ် ပြန်လည် စစ်ဆေးချက်များအရ အရည်အသွေးသတ်မှတ်ချက် မကိုက်ညီကြောင်း စိစစ်တွေ့ရှိရလျှင် ဦးစီးဌာနသည် ယင်းအလှကုန်ပစ္စည်းကို ဈေးကွက်မှသိမ်းဆည်းဖျက်ဆီးရန် ညွှန်ကြားရမည်။ ယင်းအလှကုန်ပစ္စည်းနှင့် စပ်လျဉ်း၍ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း တားမြစ်ပိတ်ပင်ရမည်။

၁၈။ ဦးစီးဌာနသည် ပုဒ်မ ၁၆ နှင့် ၁၇ ပါ လုပ်ငန်းတို့ကိုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူနိုင်သည်။

၁၉။ ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူသည် ဦးစီးဌာန၏ ညွှန်ကြားချက်အရ မိမိ၏အလှကုန်ပစ္စည်းကို ဈေးကွက်မှပြန်လည်သိမ်းဆည်းရာတွင် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၂၀။ ထုတ်လုပ်သူလက်မှတ်ရရှိသူ၊ မှတ်တမ်းတင်လက်မှတ်ရရှိသူတို့သည် မိမိထုတ်လုပ်သော၊ မှတ်တမ်းတင် ထားသော အလှကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ်ကိုသိရှိပါက ဦးစီးဌာနသို့ သတင်းပေးပို့တိုင်ကြားရမည်-

(က) ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် ကျန်းမာရေးတို့ကို ထိခိုက်စေခြင်း၊

(ခ) ပြင်းထန်သောဆိုးကျိုးဖြစ်ရပ် ပေါ်ပေါက်နိုင်စေခြင်း။

၂၁။ အလှကုန်ပစ္စည်းသုံးစွဲသူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် အလှကုန်ပစ္စည်းနှင့်စပ်လျဉ်း၍ ဆိုးကျိုးဖြစ်ရပ် တစ်စုံတစ်ရာတွေ့ကြုံပါက ဦးစီးဌာနသို့ သတင်းပေးပို့နိုင်သည်။

၂၂။ ဦးစီးဌာနသည် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက် များကို အများပြည်သူသိရှိရန် နိုင်ငံပိုင်နှင့် အခြားလူထုဆက်သွယ်ရေး သတင်းမီဒီယာများအသုံးပြု၍ အချိန်နှင့် တစ်ပြေးညီ ကြေညာရမည်။

## အခန်း (၁၁)

## ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူတို့၏တာဝန်များ

၂၃။ ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူသည်-

(က) ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးစစ်မှန်ကောင်းမွန်သည့် အလှကုန်ပစ္စည်းများကိုသာ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းပြုရမည်။
ယင်းသို့ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်ရာတွင် ပုဒ်မ ၁၃ ပါ အညွှန်းအမှတ်အသားများကို ပြည့်စုံစွာ ဖော်ပြပါရှိစေရမည်။

(ခ) မိမိ၏အလှကုန်ပစ္စည်းကို အရည်အသွေးသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အရည်အသွေးသတ်မှတ်ချက်များနှင့်လည်းကောင်း၊ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း ကိုက်ညီမှုရှိကြောင်း အာမခံရမည်။

(ဂ) မိမိအလှကုန်ပစ္စည်း၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးကိုက်ညီမှုရှိကြောင်း ခိုင်လုံသော အထောက်အထားများပါဝင်သည့် ကုန်ပစ္စည်း သတင်းအချက်အလက် စာတွဲကို စနစ်တကျပြုစုထားရှိပြီး ဦးစီးဌာနက စစ်ဆေးသည့်အခါ ချက်ချင်းတင်ပြရမည်။

(ဃ) မိမိ၏အလှကုန်ပစ္စည်းနှင့်စပ်လျဉ်းသည့် ခြေရာခံစနစ်တစ်ခု ထူထောင်ထားရှိ၍ ခြေရာခံစနစ်ပါ သတင်းအချက်အလက်များကိုပေးပို့ရန် ဦးစီးဌာနက ညွှန်ကြားလျှင် သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

(င) မိမိ၏စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံနှင့် ရုံးခန်းများကို ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက အချိန်မရွေးဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်ပြုရမည်။

(စ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၂)

## စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်း

၂၄။ ဦးစီးဌာနသည် ထုတ်လုပ်သူလက်မှတ်ရရှိသူ သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ရရှိသူက ပုဒ်မ ၁၉၊ ၂၀ နှင့် ၂၃ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပျက်ကွက်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင်ဖြစ်စေ ထိုသူကို အောက်ပါစီမံခန့်ခွဲရေးအမိန့် တစ်ရပ်ရပ်ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ကို ယာယီပိတ်သိမ်းခြင်း၊

(ဂ) ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

၂၅။ ဦးစီးဌာနသည် ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ် သို့မဟုတ် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ ထုတ်လုပ်သူလက်မှတ် သို့မဟုတ် မှတ်တမ်းတင်လက်မှတ် ရရှိသူတို့ကို မိမိတို့၏ သက်ဆိုင်ရာ အလှကုန်ပစ္စည်းများအား ဈေးကွက်မှ ပြန်လည်သိမ်းဆည်းစေပြီး သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲစေခြင်းပြုရမည်။

၂၆။ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) သို့မဟုတ် (ဂ) အရ စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူခြင်းခံရသူသည် အလှကုန်ပစ္စည်းကို ဆက်လက်ထုတ်လုပ်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုလျှင် ထိုသူအား ဤဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဦးစီးဌာနက ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## အယူခံခြင်း

၂၇။ ဤဥပဒေအရ ဦးစီးဌာန၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၂၈။ ဝန်ကြီးဌာနသည် ဦးစီးဌာန၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၉။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၄)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၀။ (က) မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ-

(၁) ထုတ်လုပ်သူလက်မှတ်မရှိသည့် ဈေးကွက်အတွင်းရှိ အလှကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

(၂) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) အရ ထုတ်လုပ်သူလက်မှတ် ယာယီပိတ်သိမ်းခြင်းခံထားရသော ကာလအတွင်း အလှကုန်ပစ္စည်းကို ဆက်လက်ထုတ်လုပ်ခြင်း၊

(၃) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဂ) အရ ထုတ်လုပ်သူလက်မှတ် ပယ်ဖျက်ခြင်းခံရပြီး အလှကုန်ပစ္စည်းကို ဆက်လက်ထုတ်လုပ်ခြင်း။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၁။ (က) မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ-

(၁) မှတ်တမ်းတင်လက်မှတ်မရှိသည့် ပြည်တွင်း၌ထုတ်လုပ်သော အလှကုန်ပစ္စည်း သို့မဟုတ် ပြည်ပမှတင်သွင်းသည့် အလှကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း၊

(၂) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) အရ မှတ်တမ်းတင်လက်မှတ် ယာယီပိတ်သိမ်းခြင်းခံထားရသော ကာလအတွင်း အလှကုန်ပစ္စည်းကို ဆက်လက်ဖြန့်ဖြူးရောင်းချခြင်း၊

(၃) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ဂ) အရ မှတ်တမ်းတင်လက်မှတ် ပယ်ဖျက်ခြင်းခံရပြီးသည့် အလှကုန်ပစ္စည်းကို ဆက်လက်ဖြန့်ဖြူးရောင်းချခြင်း။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၃၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၂။ (က) မည်သူမျှ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ-

(၁) တားမြစ်ဓာတုပစ္စည်းများ ပါဝင်ဖော်စပ်ထားသော အလှကုန်ပစ္စည်း၊

(၂) ကန့်သတ်သတ်မှတ်ထားသော ဓာတုပစ္စည်း၊ အရောင်ဆိုးဆေး၊ တာရှည်ခံပစ္စည်းနှင့် ခရမ်းလွန်ရောင်ခြည်ကာပစ္စည်းများကို ကန့်သတ်ရာခိုင်နှုန်းထက် ပိုမိုပါဝင်ဖော်စပ်ထားသော အလှကုန်ပစ္စည်း၊

(၃) သတ်မှတ်ထားသော အရည်အသွေးသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသော အလှကုန်ပစ္စည်း၊

(၄) အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော အလှကုန်ပစ္စည်း၊

(၅) ရောင်းချမှု၊ သုံးစွဲမှုနှင့် ဝန်ဆောင်မှုပေးခြင်းကို တားမြစ်ခံရသည့် အလှကုန်ပစ္စည်း၊

(၆) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ကျန်းမာရေးအတွက် သုံးစွဲရန်မသင့်ကြောင်း ထုတ်ပြန်ကြေညာထားသည့် ဘေးအန္တရာယ်ရှိသော အလှကုန်ပစ္စည်း။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၃၀ မှ အများဆုံး ကျပ် သိန်း ၂၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၃။ (က) မည်သူမျှ-

(၁) အလှကုန်ပစ္စည်းအရည်အသွေးနှင့်စပ်လျဉ်း၍ ကောင်းမွန်ကြောင်းလွန်ကဲစွာ ဖော်ပြခြင်းမပြုရ၊

(၂) မိမိ၏အလှကုန်ပစ္စည်းကို ဆေးဖက်ဝင်သည် သို့မဟုတ် ရောဂါကုသရာတွင် အသုံးဝင်သည်ဟု ကြော်ငြာလျက် အရောင်းမြှင့်တင်ခြင်းမပြုရ၊

(၃) အလှကုန်ပစ္စည်းကို ကုန်အမှတ်တံဆိပ်ကပ်ခြင်း၊ အညွှန်းအမှတ်အသား ဖော်ပြခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ကြော်ငြာခြင်း သို့မဟုတ် အရောင်းမြှင့်တင်ခြင်းတို့ ပြုလုပ်ရာတွင် အလှကုန်ပစ္စည်းအမည်၊ ကုန်အမှတ်တံဆိပ်အမည်၊ ရုပ်ပုံနှင့် တင်စားဖော်ပြချက်များ သို့မဟုတ် အခြားသင်္ကေတများသည် သုံးစွဲသူများကို လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် ကုန်ပစ္စည်းတွင်မရှိသော အရည်အသွေးကို ရှိသယောင်ဖော်ပြခြင်းနှင့် ရှိသည့်အရည်အသွေးကို ကောင်းမွန်ကြောင်း လွန်ကဲစွာဖော်ပြခြင်းမပြုရ၊

(၄) အခြားအလှကုန်ပစ္စည်းများနှင့် နှိုင်းယှဉ်ဖော်ပြ၍ ကြော်ငြာခြင်းမပြုရ။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၂၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၅)
## အထွေထွေ

၃၄။ ဤဥပဒေ ပုဒ်မ ၃၁၊ ၃၂ နှင့် ၃၃ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ အာဏာပိုင်အဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်)

**တိုင်းရင်းဆေးဝါးဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **တိုင်းရင်းဆေးဝါးဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**တိုင်းရင်းဆေးဝါးဥပဒေ (မူကြမ်း)**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၈၂ ခုနှစ်၊ လ ရက်

(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **တိုင်းရင်းဆေးဝါးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းရင်းဆေးဝါး** ဆိုသည်မှာ လူတို့၏ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပြင်ပတွင် ဖြစ်ပွားသော ရောဂါဝေဒနာကို ကာကွယ်ရန်၊ ကုသရန်လည်းကောင်း၊ ယင်းတို့၏ ကျန်းမာရေး တိုးတက်စေမှု သို့မဟုတ် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုနိုင်ရေးအတွက် အပင်နှင့် အပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ မြေထွက်ပစ္စည်းများနှင့် ဓာတ်သတ္တုပစ္စည်းများကို အခြေခံ၍ ဖော်စပ်ထားသည့် ဆေးဝါးကို ဆိုသည်။

(ခ) **ပြည်ပတိုင်းရင်းဆေးဝါး** ဆိုသည်မှာ သက်ဆိုင်ရာနိုင်ငံ၏ တိုင်းရင်းဆေးဝါးအဖြစ် တရားဝင် ထုတ်လုပ်ပြီး ဤဥပဒေအရ မှတ်ပုံတင်ခွင့်ပြုထားသည့် ဆေးဝါးကို ဆိုသည်။

(ဂ) **ကျန်းမာရေးဖြည့်စွက်ဓာတ်စာ** ဆိုသည်မှာ ကျန်းမာရေးအတွက် အထောက်အကူပြုစေရန်နှင့် ပိုမိုကောင်းမွန်တိုးတက်စေရန် အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ ဓာတ်သတ္တုပစ္စည်းများနှင့် ယင်းတို့ကိုအသုံးပြု၍ သိပ္ပံနည်းကျဖြစ်စေ၊ သဘာဝအတိုင်းဖြစ်စေ ထုတ်လုပ်ထားသော ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကျန်းမာရေးဖြည့်စွက်ဓာတ်စာဟု သတ်မှတ်သောပစ္စည်းများလည်း ပါဝင်သည်။

(ဃ) **ဆေးဝါး** ဆိုသည်မှာ တိုင်းရင်းဆေးဝါး၊ ပြည်ပတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်ဓာတ်စာများကို ဆိုသည်။

(င) **တိုင်းရင်းဆေးပညာ** ဆိုသည်မှာ အပင်ထွက်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်၊ တွင်းထွက်ပစ္စည်းများဖြင့် ဖော်စပ်ထားသော ဆေးဝါးများ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာရေနယ တည်းဟူသော နယကြီးလေးပါးနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးအသီးသီး၏ ရိုးရာ တိုင်းရင်းဆေးကုထုံးနည်းစနစ်များကို အသုံးပြု၍ လူသားတို့၏ သက်ရှည်ကျန်းမာ ရောဂါဘယ

ကင်းဝေးစေရေးအတွက် ရောဂါရှာဖွေခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာများနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားခြင်းစသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်သည့် ပညာရပ်ကို ဆိုသည်။

(စ) **အာဏာပိုင်အဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးအာဏာပိုင်အဖွဲ့ကို ဆိုသည်။

(ဆ) **အဓိကတိုင်းရင်းဆေးဝါး** ဆိုသည်မှာ အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသည့် ပြည်သူအများစုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် မရှိမဖြစ်လိုအပ်သော တိုင်းရင်းဆေးဝါးကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပတိုင်းရင်းဆေးဝါးနှင့် ကျန်းမာရေးဖြည့်စွက်ဓာတ်စာများလည်း ပါဝင်သည်။

(ဇ) **စံမညီဆေးဝါး** ဆိုသည်မှာ မှတ်ပုံတင်လက်မှတ်နှင့် လိုင်စင်ထုတ်ပေးစဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသော ဆေးဝါးကို ဆိုသည်။

(ဈ) **အတုအပဆေးဝါး** ဆိုသည်မှာ မှတ်ပုံတင်ရရှိပြီးဖြစ်သော ဆေးဝါးတစ်မျိုးမျိုးကို တုပပြုလုပ်ခြင်း၊ အစားထိုးခြင်း၊ ရောနှောခြင်း၊ ထုထည်တိုးပွားစေခြင်းအားဖြင့် အရည်အသွေးနိမ့်ပါးသော ပစ္စည်းကို ဆိုသည်။

(ည) **ပျက်စီးဆေးဝါး** ဆိုသည်မှာ သက်တမ်းကုန်ဆုံးရက်သို့ရောက်ရှိသော သို့မဟုတ် ကျော်လွန်နေပြီဖြစ်သော ဆေးဝါး သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ကြောင့် ဓာတ်သဘာဝပြောင်းလဲ၍ဖြစ်စေ၊ အာနိသင်ပြောင်းလဲ၍ဖြစ်စေ သုံးစွဲရန်မသင့်သော ဆေးဝါးကို ဆိုသည်။

(ဋ) **အမှတ်တံဆိပ်** ဆိုသည်မှာ ဆေးဝါးထည့်သော သို့မဟုတ် ထုပ်ပိုးသော ပစ္စည်းပေါ်တွင် မြင်သာအောင် တစ်နည်းနည်းဖြင့်ဖော်ပြထားသည့် အမှတ်အသားကို ဆိုသည်။

(ဌ) **ကုန်ကြမ်း** ဆိုသည်မှာ ဆေးဝါးများဖော်စပ်ထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုရသော ပရဆေးပစ္စည်းများနှင့် သဘာဝပစ္စည်းများ၊ အပင်နှင့် အပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ မြေထွက်ပစ္စည်း၊ ဓာတ်သတ္တုပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သောပစ္စည်းများလည်း ပါဝင်သည်။

(ဍ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ ထုတ်လုပ်မည့် ဆေးဝါးကို သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ခြင်းကို ဆိုသည်။

(ဎ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ဆေးဝါးအတွက် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။

(ဏ) **ဆေးဝါးထုတ်လုပ်ခြင်း** ဆိုသည်မှာ မှတ်ပုံတင်ထားသည့် ဆေးဝါးကို ထုတ်လုပ်ရာတွင် ဆောင်ရွက်ရသော လုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆင့်ဆင့်လုပ်ဆောင်ရသည့် လုပ်ငန်းများအားလုံး သို့မဟုတ် အဆင့်တစ်ခုခုကို ဆောင်ရွက်ခြင်းလည်းပါဝင်သည်။ သို့ရာတွင် တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးပေးခန်းနှင့် ပရဆေးဆိုင်များတွင် ဝေဒနာရှင်များအတွက်ဖြစ်စေ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီက အသိအမှတ်ပြုထားသော တိုင်းရင်းဆေးဆရာက မိမိဆေးကုသရာတွင် အသုံးပြုရန်ဖြစ်စေ၊ မည်သူမဆို ကိုယ်တိုင်သုံးစွဲရန်ဖြစ်စေ၊ ဆေးနည်းဆေးညွှန်းအရ ဆောင်ရွက်သော တိုင်းရင်းဆေးဝါး၊ အလွယ်တကူဖော်စပ်သုံးစွဲနိုင်သော အရပ်သုံးဆေးဝါးဖော်စပ်ခြင်းလုပ်ငန်းများ မပါဝင်ပါ။

(တ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် အာဏာပိုင်အဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ထ) **တစ်ပိုင်တစ်နိုင်တိုင်းရင်းဆေးဝါးလုပ်ငန်းဆိုသည်မှာ** ဤဥပဒေအရ သတ်မှတ်ချက်များနှင့်အညီ အာဏာပိုင်အဖွဲ့က ခွင့်ပြုထားသည့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆိုသည်။

(ဒ) **အရည်အသွေးအာမခံချက်** ဆိုသည်မှာ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ၊ ကျန်းမာရေးဖြည့်စွက်စာတ်စာ ထုတ်လုပ်သူ သို့မဟုတ် ပြည်ပမှ တာဝန်ခံတင်သွင်းသူမှ မိမိ၏ဆေးဝါးတွင်ဖော်ပြသော ရောဂါ တစ်မျိုးအတွက်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ရောဂါများအတွက်ဖြစ်စေ၊ အကျိုးသက်ရောက်မှုရှိ၍ စစ်မှန်ပြီး ဘေးဥပဒ်ကင်းကြောင်း အာမခံခြင်းကို ဆိုသည်။

(ဓ) **ကြော်ငြာခြင်း** ဆိုသည်မှာ အများပြည်သူ တွင်ကျယ်စွာ သိရှိနိုင်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းကို ဆိုသည်။

(န) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ ဆေးဝါးနမူနာများကို ဓာတ်ခွဲစစ်ဆေးနိုင်ရေးအတွက် အာဏာပိုင် အဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကို ဆိုသည်။

(ပ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ ဆေးဝါးကိုစစ်ဆေးသော မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်ကို တစ်ဖက်ဖက်မှ ကျေနပ်မှုမရှိ၍ အယူခံဝင်ခြင်းကြောင့် ဆေးဝါးနမူနာကို ထပ်မံဓာတ်ခွဲစစ်ဆေးပြီး အပြီးသတ်အဆုံးအဖြတ်ပြုနိုင်ရန် အာဏာပိုင်အဖွဲ့က သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကို ဆိုလိုသည်။

(ဖ) **တိုင်းရင်းဆေးဝါးကြီးကြပ်သူ** ဆိုသည်မှာ ဤဥပဒေပါ ဆေးဝါးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ထုတ်ပေးသော တရားဝင် တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ် (တဆ) ကိုင်ဆောင်သော တိုင်းရင်းဆေးပညာရှင်ကို ဆိုသည်။

(ဗ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(ဘ) **ဦးစီးဌာန** ဆိုသည်မှာ တိုင်းရင်းဆေးပညာဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းရင်းဆေးပညာ၊ တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက် လာစေရန်။

(ခ) အရည်အသွေး စစ်မှန်ကောင်းမွန်၍ ဘေးဥပဒ်ကင်းပြီး အကျိုးသက်ရောက်မှုရှိသော ဆေးဝါးကို အများပြည်သူတို့ သုံးစွဲခွင့်ရရှိရန်။

(ဂ) ဆေးဝါးကို စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရန်။

(ဃ) ဤဥပဒေပါ ဆေးဝါးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ကွပ်ကဲရန်။

## အခန်း (၃)
## အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရသည် တိုင်းရင်းဆေးဝါးဆိုင်ရာ ကိစ္စများဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဝါးနှင့် ဥယျာဉ်ဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ လုပ်ငန်းသဘောအရ ဆက်စပ်နေသော သက်ဆိုင်ရာဌာနများ၏ အကြီးအမှူးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများအသင်းမှ ကိုယ်စားလှယ်တစ်ဦးတို့ကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။

၆။ အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆေးဝါးဆိုင်ရာ မူဝါဒချမှတ်ခြင်း၊

(ခ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ဆေးဝါးနှင့်စပ်လျဉ်း၍ သမားစဉ်ဆက်ဖော်စပ်အသုံးပြုခြင်းများ၊ ဆေးကျမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ အရည်အသွေးနှင့် အကျိုးသက်ရောက်မှု ရှိ မရှိ၊ ဘေးဥပဒ် ကင်းရှင်းမှု ရှိ-မရှိတို့ကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ်စေခြင်း၊ စစ်ဆေးစေခြင်း၊

(ဂ) မှတ်ပုံတင်ထားသောဆေးဝါးကို ထုတ်လုပ်ရန်အတွက် လိုင်စင်လျှောက်ထားခွင့်ရှိသူ၏ အရည်အချင်းများ သတ်မှတ်ခြင်း၊ လိုင်စင်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ) မှတ်ပုံတင်ထားသော ဆေးဝါးကို အမှတ်တံဆိပ်ပြုလုပ်ခြင်း၊ အမှတ်တံဆိပ်ပြင်ဆင်ပြောင်းလဲခြင်း၊ ကြော်ငြာခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါး အရည်အသွေးအာမခံချက်နှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(စ) အဓိကတိုင်းရင်းဆေးဝါးများကို ရွေးချယ်သတ်မှတ်ခြင်း၊

(ဆ) ကုန်ကြမ်းအဖြစ် သတ်မှတ်သောပစ္စည်းများကို ကြေညာခြင်း၊

(ဇ) ဆေးဝါးများ ကုန်ကြမ်းစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၍ နည်းပညာဖြန့်ဖြူးရန် လမ်းညွှန်ခြင်း၊

(ဈ) တိုင်းရင်းဆေးဝါးကုန်ကြမ်း သို့မဟုတ် တိုင်းရင်းဆေးဝါးကို ပြည်ပသို့ တင်ပို့သော သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းသော အစိုးရဌာန၊ အဖွဲ့အစည်းများအား အကြံဉာဏ်ပေးခြင်း၊

(ည) ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရန် လိုအပ်သောကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဋ) ဆေးဝါးနှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဌ) မူလစာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများ သတ်မှတ်ခြင်း၊

(ဍ) ဆေးဝါးနှင့်ပတ်သက်၍ အများပြည်သူသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်းနှင့် ဆေးဝါးဆိုင်ရာကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်းနှင့် ယင်းတို့နှင့်ပတ်သက်၍ အခကြေးငွေများ သတ်မှတ်ခြင်း။

၇။ အာဏာပိုင်အဖွဲ့သည် ဝိဝါဒကွဲပြားမှု သို့မဟုတ် အငြင်းပွားမှုများပေါ်ပေါက်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ဆေးဝါးအဖြစ်လည်းကောင်း၊ ကုန်ကြမ်းအဖြစ်လည်းကောင်း၊ သတ်မှတ်နိုင်ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ပေးရမည်။

၈။ အာဏာပိုင်အဖွဲ့သည် ကုန်ကြမ်းများစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ပြည်တွင်းသို့ တင်သွင်းခြင်းများကို ကြီးကြပ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၉။ အာဏာပိုင်အဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို ဦးစီးဌာနသို့လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၄)
## တိုင်းရင်းဆေးဝါးကြီးကြပ်သူခန့်ထားခြင်း

၁၀။ တိုင်းရင်းဆေးဝါးထုတ်လုပ်လိုသူသည် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုအတွက် တိုင်းရင်းဆေးဝါး ကြီးကြပ်သူ ခန့်အပ်ရာတွင် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများကိုသာခန့်အပ်ရမည်-

(က) မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီမှ ထုတ်ပေးထားသော တရားဝင် တိုင်းရင်းဆေးဆရာ မှတ်ပုံတင် လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

(ခ) မိမိကြီးကြပ်သည့် တိုင်းရင်းဆေးဝါးနှင့်ပတ်သက်၍ စစ်မှန်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အစွမ်းထက်မှု၊ အရည်အသွေး စသည်တို့အပေါ် တာဝန်ခံနိုင်သူ ဖြစ်ရမည်။

## အခန်း (၅)
## တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ခြင်း

၁၁။ မှတ်ပုံတင်လိုသူသည် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၂။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည်-

(က) မှတ်ပုံတင်ခြင်းပြုရန် လျှောက်ထားသောဆေးဝါးကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်းနှင့် လိုအပ်ပါက မူလဓာတ်ခွဲခန်းသို့ပေးပို့၍ စစ်ဆေးခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ စိစစ်တွေ့ရှိချက်အရ-

(၁) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(၂) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ကျိုးကြောင်းဖော်ပြ၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၁၃။ မှတ်ပုံတင်လက်မှတ် သက်တမ်းသည် မှတ်ပုံတင်သည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ကျသင့်သော မှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်မှုခံယူပြီး၊ သက်တမ်းတိုးမြှင့်ရန် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေး ပေးဆောင်၍ လျှောက်ထားရမည်။

၁၅။ မှတ်ပုံတင်လက်မှတ်ရရှိသူက မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုတိုင်းရင်း ဆေးဝါးကြီးကြပ်ရေးကော်မတီက ထုတ်ပြန်သော အမိန့်ညွှန်ကြားချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက မှတ်ပုံတင်လက်မှတ်ကို ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၆။ ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်လက်မှတ် ရုပ်သိမ်းခြင်းခံရသူသည် ကန့်သတ်သည့်ကာလ ကုန်ဆုံးသောအခါ မှတ်ပုံတင်လက်မှတ်အသစ် ထုတ်ပေးရန် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားနိုင်သည်။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက စိစစ်၍ မှတ်ပုံတင်လက်မှတ်အသစ် ထုတ်ပေးနိုင်သည်။

၁၇။ မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်ရှိ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသော တိုင်းရင်းဆေးဝါးနှင့်စပ်လျဉ်း၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)
## လိုင်စင်လျှောက်ထားခြင်း

၁၈။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် ဆေးဝါးနှင့်စပ်လျဉ်း၍ အောက်ပါလိုင်စင်များကို ခွင့်ပြုနိုင်သည်-

(က) ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်၊

(ခ) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပြည်ပမှတင်သွင်းလာသော တိုင်းရင်းဆေးဖြစ်စေ၊ ကျန်းမာရေးဖြည့်စွက်စာတစ်စာဖြစ်စေ၊ ပြုပြင်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းလိုင်စင်။

၁၉။ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ရရှိရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၂၀။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်လျှောက်ထားသော ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို ထုတ်လုပ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ၊ အရည်အသွေးအာမခံချက်ဆိုင်ရာ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်စေခြင်း၊ လိုအပ်ပါက စစ်ဆေးစေခြင်းများပြုလုပ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၁။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့် နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၂၂။ လိုင်စင်ရရှိသူသည်-

(က) သတ်မှတ်သော လိုင်စင်ကြေးကို ပေးဆောင်ရမည်။

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) လိုင်စင်လက်မှတ်သက်တမ်း ကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်မှုခံယူပြီး၊ သက်တမ်းတိုးမြှင့်ရန် လိုင်စင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေး ပေးဆောင်၍ လျှောက်ထားရမည်။

၂၃။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖြစ်စေ၊ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါလျှင် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရသူသည် ကန့်သတ်သည့်ကာလ ကုန်ဆုံးသောအခါ လိုင်စင်ပြန်လည်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားနိုင်သည်။

၂၅။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည်-

(က) ပယ်ဖျက်ခြင်းခံရသော လိုင်စင်အတွက် ထပ်မံလျှောက်ထားခြင်းမရှိစေရ၊

(ခ) မိမိလက်ဝယ်ရှိ အရည်အသွေးပြည့်မီသည်ဟု ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက သတ်မှတ်ထားသောဆေးဝါးကို လိုင်စင်ရရှိထားသည့် အခြားသူတစ်ဦးဦးအား ရက်ပေါင်း ၆၀ အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်းပြုနိုင်သည်။

(ဂ) မိမိလက်ဝယ်ရှိ အရည်အသွေးပြည့်မီသော ဆေးဝါးနှင့်စပ်လျဉ်း၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၆။ အာဏာပိုင်အဖွဲ့၊ ဦးစီးဌာန သို့မဟုတ် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လိုင်စင်ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူက ထုတ်လုပ်ဖြန့်ဖြူးထားသည့် စံမညီဆေးဝါးများကို အများပြည်သူအား အသိပေးကြေညာခြင်း၊ သိမ်းဆည်းနိုင်ရန် သက်ဆိုင်ရာတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီများသို့ ညွှန်ကြားခြင်းပြုနိုင်သည်။

၂၇။ တစ်ပိုင်တစ်နိုင် တိုင်းရင်းဆေးဝါးလုပ်ငန်းသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

## အခန်း (၇)
## ဆေးဝါးထုတ်လုပ်ခြင်း

၂၈။ ဆေးဝါးထုတ်လုပ်လိုသူသည် ဆေးဝါးထုတ်လုပ်ခြင်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပုဒ်မ ၁၀ ပါ အရည်အချင်းနှင့်ပြည့်စုံသည့် တိုင်းရင်းဆေးပညာရှင်ကို တိုင်းရင်းဆေးဝါးကြီးကြပ်သူအဖြစ် ခန့်အပ်ရမည်။

၂၉။ လိုင်စင်ရရှိသူသည် ဆေးဝါးထုတ်လုပ်ခြင်းကိုလည်းကောင်း၊ အပင်ထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်နှင့် မြေထွက်ပစ္စည်း၊ ဓာတ်သတ္တုပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားခြင်းကိုလည်း သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ လိုင်စင်ရရှိသူသည် ဆေးဝါးထုတ်လုပ်ရာတွင် ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ဘေးဥပဒ်ဖြစ်စေနိုင်သောပစ္စည်းများ၊ ထည့်သွင်းဖော်စပ်ခြင်းမှ ရှောင်ကြဉ်ရမည်။

၃၁။ လိုင်စင်ရရှိသူသည်-

(က) မှတ်ပုံတင်ရရှိသော ဆေးဝါးကိုသာ ထုတ်လုပ်ရမည်။

(ခ) မှတ်ပုံတင်ရရှိသော ဆေးဝါးကိုထုတ်လုပ်ရာတွင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၈)
## ပြည်ပတိုင်းရင်းဆေးဝါး၊ ကျန်းမာရေးဖြည့်စွက်ဓာတ်စာများ မှတ်ပုံတင်ခြင်းနှင့် လိုင်စင်လျှောက်ထားခြင်း

၃၂။ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ဓာတ်စာအတွက် မှတ်ပုံတင်လက်မှတ် လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၃၃။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ဓာတ်စာကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ်စေခြင်း၊ စစ်ဆေးစေခြင်းပြုလုပ်ပြီး ယင်းပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ဓာတ်စာကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၄။ မှတ်ပုံတင်ခွင့်ရရှိသူသည် မှတ်ပုံတင်ထားသည့် ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ဓာတ်စာကို သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ထုပ်ပိုးခြင်းလုပ်ငန်းများအတွက် သတ်မှတ်ချက်နှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၃၅။ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီသည် လျှောက်ထားချက်အပေါ် စိစစ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၆။ မှတ်ပုံတင်လက်မှတ်သက်တမ်း၊ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ကြေးတို့နှင့် လိုင်စင်သက်တမ်း၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးကြေးတို့သည် အာဏာပိုင်အဖွဲ့က သတ်မှတ်သည့် အတိုင်း ဖြစ်သည်။

၃၇။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ကျသင့်သောမှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေး ကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သောအမိန့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်မှုခံယူပြီး၊ သက်တမ်း တိုးမြှင့်ရန် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ကြေးပေးဆောင်၍ လျှောက်ထားရမည်။

၃၈။ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်စာတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၉။ မှတ်ပုံတင်ခွင့်ရရှိသူသည် ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းကာလ ကုန်ဆုံးသည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်လျှောက်ထားနိုင်သည်။

၄၀။ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသည့် ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်စာများနှင့်စပ်လျဉ်း၍ ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ လိုင်စင်ရရှိသူသည် ကျသင့်သော လိုင်စင်ကြေးပေးဆောင်၍ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြပြင်ထုပ်ပိုးခြင်းများကို နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၂။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးမြှင့်ရန် လိုင်စင်သက်တမ်း တိုးမြှင့်ကြေးပေးဆောင်၍ လျှောက်ထားရမည်။

၄၃။ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်စာ လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီက လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၄။ ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း ကာလကုန်ဆုံးသည့်အခါ လိုင်စင်ကို ပြန်လည် လျှောက်ထားနိုင်သည်။

၄၅။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် လိုင်စင်ကို ထပ်မံလျှောက်ထားခြင်း မရှိစေရ။

၄၆။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူ၏ လက်ဝယ်တွင်ရှိသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေး ဖြည့်စွက်စာများကို ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

## အခန်း (၉)
## အယူခံခြင်း

၄၇။ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီက ဆေးဝါးနှင့်စပ်လျဉ်း၍ ချမှတ်သည့် အောက်ပါ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အာဏာပိုင်အဖွဲ့သို့ အယူခံဝင်နိုင်သည်-

(က) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် သို့မဟုတ် မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) လိုင်စင်ထုတ်ပေးရန် သို့မဟုတ် လိုင်စင်သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်း၊

(ဃ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၄၈။ အာဏာပိုင်အဖွဲ့သည် ပုဒ်မ ၄၈ အရ အယူခံမှုတွင် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းပြုနိုင်သည်။

၄၉။ အာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၅၀။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း မပြုရ-

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

(ခ) မှတ်ပုံတင်လက်မှတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊

(ဂ) စံမညီဆေးဝါး၊

(ဃ) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ရောနှောဆေးဝါးဖြစ်သည်ဟု ကြော်ငြာထားသောဆေးဝါး၊

(င) သုံးစွဲရန်မသင့်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေးဝါး။

၅၁။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ရောင်းချခြင်း မပြုရ-

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

(ခ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုထားသော တိုင်းရင်းဆေးဝါး၊

(ဂ) ပျက်စီးတိုင်းရင်းဆေးဝါး၊

(ဃ) ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ရောနှောဆေးဝါးဖြစ်သည်ဟု ကြော်ငြာထားသောဆေးဝါး၊

(င) သုံးစွဲရန်မသင့်ဟု ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော မှတ်ပုံတင် တိုင်းရင်းဆေးဝါး။

၅၂။ မည်သူမျှ ဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်မရှိဘဲ ဆေးဝါးကိုထုတ်လုပ်ခြင်း မပြုရ။

၅၃။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ဓာတ်စာကို ပြည်ပမှတင်သွင်းခြင်း မပြုရ။

၅၄။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ဓာတ်စာကို သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း မပြုရ။

၅၅။ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းပြုထားသည့် ပြည်ပ တိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေးဖြည့်စွက်ဓာတ်စာများကို ကန့်သတ်ထားသည့်ကာလအတွင်း ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ။

၅၆။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော ပြည်ပတိုင်းရင်းဆေးဝါး သို့မဟုတ် ကျန်းမာရေး ဖြည့်စွက် ဓာတ်စာကို ရောင်းချခြင်း မပြုရ။

၅၇။ မည်သူမျှ မှတ်ပုံတင်ရရှိပြီးဖြစ်သော ဆေးဝါးတစ်မျိုးမျိုးကို အတုအပပြုလုပ်ခြင်း မပြုရ။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၈။ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်-

(က) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ကျခံစေရမည်။

(ခ) မှတ်ပုံတင်ထားသော ဆေးဝါးနှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ် ကျခံစေရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၃၊ ၅၄ သို့မဟုတ် ၅၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ် ဆယ်သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၆၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တိုင်းရင်းဆေးဝါးကိစ္စရပ်နှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၆၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်၏ ချီးမြှင့်ငွေနှင့် စရိတ်များအတွက် ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၆၈။ ဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား တိုင်းရင်းဆေးဝါး၏ အရည်အသွေးနှင့် အာနိသင်အား ထိခိုက်မှုမရှိပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆၉။ တစ်ပိုင်တစ်နိုင် တိုင်းရင်းဆေးဝါးလုပ်ငန်းသည် ထုတ်လုပ်ခွင့်လိုင်စင် ကင်းလွတ်ခွင့်အတွက် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ အာဏာပိုင်အဖွဲ့သို့ လျှောက်ထားရမည်။

၇၀။ တိုင်းရင်းဆေးဝါးကို ပြည်ပသို့ တင်ပို့ရောင်းချလိုသူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူရမည်။

၇၁။ ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကိုသာ တင်ပို့ခွင့်ပြုနိုင်သည်။

၇၂။ ဤဥပဒေ အာဏာသက်ရောက်သည့်နေ့မှစ၍ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်။

၇၃။ ဤဥပဒေ အာဏာသက်ရောက်သည့်နေ့တွင် တိုင်းရင်းဆေးဝါးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆) အရ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားပြီးသူများသည် ဤဥပဒေနှင့် မဆန့်ကျင်ပါက သက်တမ်းကုန်သည်အထိ ဆက်လက်အတည်ဖြစ်၍ သက်တမ်းတိုးဆောင်ရွက်သောအခါ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) တို့အရ ဆောင်ရွက်ရမည်။

၇၄။ ဤဥပဒေပါ ပြစ်မှုများကို အာမခံပေးနိုင်သော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပြည်ပသို့တင်ပို့သည့် တိုင်းရင်းဆေးဝါးများကို သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဖမ်းဆီးရမိလျှင် သက်သေခံပစ္စည်းအားအာဏာပိုင်အဖွဲ့ သို့မဟုတ် အာဏာပိုင်အဖွဲ့က လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းသည် သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ရန် စီမံဆောင်ရွက်ရမည်။

၇၆။ အာဏာပိုင်အဖွဲ့နှင့် အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း၏ ရုံးလုပ်ငန်းများကိုတိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်ရမည်။

၇၇။ ဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါးစိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မိမိလက်အောက်ရှိဝန်ထမ်းများကို တိုင်းရင်းဆေးဝါးစစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၇၈။ ဤဥပဒေ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုတိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၇၉။ တိုင်းရင်းဆေးဝါးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၄ ရက်)

## အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုး ပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော **အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုး ပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

# အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုး ပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာဥပဒေ
# (မူကြမ်း)
## (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၈၂ ခုနှစ်၊ လ ရက်

(၂၀၂၀ ပြည့်နှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အပင်နှင့် အပင်ထွက်ပစ္စည်းဖျက်ပိုး ပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **အပင်** ဆိုသည်မှာ သက်ရှိအပင်နှင့် အပင်၏အစိတ်အပိုင်းများကို ဆိုသည်။ ယင်းစကားရပ်တွင် မျိုးစေ့နှင့် အပင်ပေါက်နိုင်သော အပင်၏အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ခ) **အပင်ထွက်ပစ္စည်း** ဆိုသည်မှာ သဘာဝအရ သို့မဟုတ် ပြုပြင်ထုတ်လုပ်မှုနည်းစနစ်အရ အပင်မှ ထွက်ရှိသော အစေ့အဆန်အပါအဝင် အပင်၏မပြုပြင်ရသေးသော အစိတ်အပိုင်း သို့မဟုတ် ပြုပြင်ထားပြီးသော ထုတ်ကုန်ပစ္စည်းကို ဆိုသည်။

(ဂ) **အကျိုးပြုသက်ရှိ** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းတွင် ဖျက်ပိုးနှိမ်နင်းခြင်း၊ ဝတ်မှုံကူးခြင်းနှင့် မြေဆီလွှာတိုးတက်ကောင်းမွန်စေခြင်းတို့ကို အကျိုးပြုသော အင်းဆက်၊ မွှားကောင်၊ အခြားသက်ရှိ၊ ဘက်တီးရီးယား၊ မှို၊ ဗိုင်းရပ်စ်နှင့် နီမတုတ် အပါအဝင် သက်ရှိများကို ဆိုသည်။

(ဃ) **ကုန်ပစ္စည်း** ဆိုသည်မှာ ကုန်သွယ်မှုပြုရန် သို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာသော အပင်၊ အပင်ထွက်ပစ္စည်း သို့မဟုတ် အပင်နှင့်ဆက်စပ်သော အခြားအရာဝတ္ထုတစ်မျိုးမျိုး သို့မဟုတ် ဖျက်ပိုးကပ်ညှိပါလာနိုင်သောပစ္စည်းကို ဆိုသည်။

(င) **သစ်သားထုပ်ပိုးပစ္စည်း** ဆိုသည်မှာ ကုန်ပစ္စည်းတစ်ခုကိုသယ်ဆောင်ခြင်း၊ ကာကွယ်ခြင်း သို့မဟုတ် အထောက်အကူပေးခြင်းပြုရာတွင် အသုံးပြုသည့်သစ်၊ သစ်နှင့်ပြုလုပ်သည့် ပစ္စည်း သို့မဟုတ် အထောက်အခံကြမ်းခင်းတုံးကို ဆိုသည်။ ယင်းစကားရပ်တွင် စက္ကူနှင့်ပြုလုပ်သည့် ပစ္စည်းများ မပါဝင်။

(စ) **ဖျက်ပိုး** ဆိုသည်မှာ အပင်နှင့် အပင်ထွက်ပစ္စည်းကို ထိခိုက်ပျက်စီးစေနိုင်သော အပင်၊ သက်ရှိသတ္တဝါတို့၏ ဇီဝမျိုးကွဲ၊ မျိုးပြား၊ မျိုးစိတ် သို့မဟုတ် ရောဂါဖြစ်စေသောအရာကို ဆိုသည်။

(ဆ) **ထိန်းချုပ်ဖျက်ပိုး** ဆိုသည်မှာ ဒေသအတွင်းမရှိသေးသည့်ဖျက်ပိုး သို့မဟုတ် ဒေသအတွင်း ရှိသော်လည်း မပြန့်ပွားအောင်ထိန်းချုပ်ထားသောဧရိယာတစ်ခုတွင် ကျရောက်ပါက စီးပွားရေး ထိခိုက်သည်အထိ အန္တရာယ်ဖြစ်စေနိုင်၍ ထိန်းချုပ်ရန် လိုအပ်သည့်ဖျက်ပိုးကို ဆိုသည်။

(ဇ) **ဥပဒေအရသတ်မှတ်သည့်ဖျက်ပိုး** ဆိုသည်မှာ ထိန်းချုပ်ဖျက်ပိုး သို့မဟုတ် ဥပဒေအရသတ်မှတ် ထားသော်လည်း ထိန်းချုပ်ရန်မလိုသောဖျက်ပိုးကို ဆိုသည်။

(ဈ) **ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု** ဆိုသည်မှာ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ သယ်ယူ ပို့ဆောင်ရေးတွင် ပါဝင်ပတ်သက်သော သို့မဟုတ် အသုံးပြုသော သိုလှောင်ရုံ၊ သယ်ဆောင်ယာဉ်၊ ကုန်တင်သေတ္တာနှင့် ဖျက်ပိုး ကင်းရှင်းရေးဆောင်ရွက်ရန် လိုအပ်သော ဖျက်ပိုးများ ခိုအောင်းနိုင်သည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ မြေကြီး၊ အခြားသက်ရှိနှင့် အရာဝတ္ထုတို့ကို ဆိုသည်။

(ည) **ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်** ဆိုသည်မှာ ပြည်ပသို့တင်ပို့မည့် သို့မဟုတ် ပြည်ပမှတင်သွင်းမည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိအတွက် အပြည်ပြည်ဆိုင်ရာ သီးနှံကာကွယ်ရေးကွန်ဗင်းရှင်းမှချမှတ်ထားသည့် အပင်ကျန်းမာရေး စံချိန်စံညွှန်းနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားသီးနှံကာကွယ်ရေး အဖွဲ့က သတ်မှတ်သည့်နည်းလမ်းဖြင့် ထုတ်ပေးသော နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဋ) **တင်သွင်းခွင့်လက်မှတ်** ဆိုသည်မှာ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိတစ်မျိုးမျိုးကို ပြည်ပမှ တင်သွင်းရာတွင် အမျိုးသားသီးနှံကာကွယ်ရေး အဖွဲ့၏ လိုအပ်ချက်နှင့်အညီ ကုန်သွယ်ဖက်နိုင်ငံက ဆောင်ရွက်ပေးရန် အမျိုးသားသီးနှံကာကွယ်ရေး အဖွဲ့က ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ဌ) **ကုန်စည်စု** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ဖြင့် နိုင်ငံတစ်ခုမှ အခြားနိုင်ငံတစ်ခုသို့ တစ်မျိုးထက်ပိုမိုပြီး သယ်ဆောင်လာသော အပင်၊ အပင်ထွက်ပစ္စည်းများ သို့မဟုတ် အပင်နှင့်ဆက်စပ်သော အခြားအရာဝတ္ထုများကို ဆိုသည်။

(ဍ) **အဝင်အထွက်စစ်ဆေးရေးစခန်း** ဆိုသည်မှာ ခရီးသည်နှင့် တင်သွင်း တင်ပို့သည့် ကုန်စည်စုများ အတွက် တရားဝင်သတ်မှတ်ထားသော လေဆိပ်၊ ပင်လယ်ဆိပ်ကမ်း၊ နယ်စပ်ဒေသဝင်ပေါက်၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ပုဂ္ဂလိက ချောစာပို့လုပ်ငန်းများ သို့မဟုတ် အခြားနေရာတစ်ခုခုရှိ စစ်ဆေးရေးစခန်းကို ဆိုသည်။

(ဎ) **ကြားစခန်း** ဆိုသည်မှာ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်တွင်းသို့ သယ်ဆောင်လာသည့်ယာဉ်မှ ခရီးဆုံးဖြစ်သည့်နိုင်ငံသို့ ဆက်လက်သယ်ယူမည့်ယာဉ်သို့ မလွှဲပြောင်းမီ ခေတ္တထားရှိ အသုံးပြုသည့်စခန်းကို ဆိုသည်။

(ဏ) **ကြားစခန်းမှ လွှဲပြောင်းမည့်ကုန်စည်စု** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းရေးအစီအမံများကို လိုအပ်ပါက ပြုလုပ်၍ နိုင်ငံအတွင်းမှဖြတ်ပြီး ကြားစခန်းမှတစ်ဆင့် သယ်ဆောင်သည့် ကုန်စည်စုကို ဆိုသည်။

(တ) **စစ်ဆေးခြင်း** ဆိုသည်မှာ ဖျက်ပိုး ရှိ မရှိ သို့မဟုတ် ဖျက်ပိုးကင်းရှင်းရေး လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှု ရှိ မရှိ ဆုံးဖြတ်နိုင်ရန် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို စစ်ဆေးခြင်းတို့ကို ဆိုသည်။

(ထ) **အရေးပေါ်လုပ်ဆောင်မှု** ဆိုသည်မှာ ဖျက်ပိုးအသစ် သို့မဟုတ် ဖျက်ပိုးတစ်မျိုးမျိုးကြောင့် ဖြစ်လေ့ဖြစ်ထမရှိသော ပျက်စီးမှုဖြစ်စဉ်တစ်ခုခုပေါ်ပေါက်သည့်အခါ ဖျက်ပိုးကင်းရှင်းရေး အစီအမံ ချက်ချင်းဆောင်ရွက်ခြင်းကို ဆိုသည်။

(ဒ) **အန္တရာယ်ရှိနိုင်သည့်ဧရိယာ** ဆိုသည်မှာ ဂေဟအချက်အလက်များအရ ဖျက်ပိုးဝင်ရောက် ပြန့်ပွားသည့်အတွက် စီးပွားရေးအရ ကြီးမားသောဆုံးရှုံးမှုကို ဖြစ်စေနိုင်သည့် ဧရိယာကို ဆိုသည်။

(ဓ) **ဆေးစီရင်မှု** ဆိုသည်မှာ ဖျက်ပိုးသတ်ခြင်း၊ ဖျက်ပိုးကိုလှုပ်ရှားမှုမရှိအောင်ပြုလုပ်ခြင်း၊ ဖျက်ပိုး ဖယ်ရှားခြင်း၊ မြုံအောင်ပြုလုပ်ခြင်း သို့မဟုတ် ကြီးထွားမှုနှင့် မျိုးပွားမှုမရှိအောင်ပြုလုပ်ခြင်းတို့ အပါအဝင် ဖျက်ပိုးပြန့်ပွားမှုကို ထိန်းချုပ်ရန် နည်းလမ်းတစ်ရပ်ရပ်ဖြင့် တရားဝင်ပြုလုပ် ဆောင်ရွက်ခြင်းကို ဆိုသည်။

(န) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းပေးသော အမျိုးသား သီးနှံကာကွယ်ရေးဗဟိုကော်မတီကို ဆိုသည်။

(ပ) **အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဗ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဘ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဖျက်ပိုးကင်းရှင်းရေး လုပ်ငန်းများကိုဆောင်ရွက်ရန် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသော စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးဦးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ပိုင်နက်အတွင်းသို့ ဖျက်ပိုးများမဝင်ရောက်စေရေးအတွက် ကာကွယ်နိုင်မည့် သင့်လျော်သောနည်းလမ်းများ တိုးမြှင့်ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏ပိုင်နက်အတွင်းသို့ ဖျက်ပိုးများစတင်ဝင်ရောက်ပြီး ဆက်လက်ပြန့်ပွားခြင်းကို ဟန့်တားရာတွင် ပိုမိုထိရောက်သောနည်းလမ်းများဖြင့် ဆောင်ရွက်ရန်၊

(ဂ) အပင်နှင့် အပင်ထွက်ပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းတို့တွင် ဖျက်ပိုးပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ၌ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) အပင်နှင့် အပင်ထွက်ပစ္စည်းများအား ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းပြုရာတွင် အပြည်ပြည်ဆိုင်ရာက သတ်မှတ်ထားသော အပင်ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး တိုးမြှင့်ဆောင်ရွက်ရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်အောက် မနိမ့်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် အမျိုးသားသီးနှံကာကွယ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အဖွဲ့ဝင်များအနက်မှ သင့်လျော်သူတစ်ဦးကို ဒုတိယဥက္ကဋ္ဌအဖြစ် လိုအပ်ပါက ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့်ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က စိစစ်တင်ပြလာသော-

(၁) အဝင်အထွက်စစ်ဆေးရေးစခန်းများကို သတ်မှတ်အတည်ပြုခြင်းနှင့် တိုးချဲ့ဖွင့်လှစ်ခြင်း၊

(၂) ဤဥပဒေအရ သတ်မှတ်သည့်ဖျက်ပိုးစာရင်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု၊ အပင်နှင့် အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိစာရင်းများကို အတည်ပြု ကြေညာခြင်း၊

(၃) ဖျက်ပိုးကင်းရှင်းသည့် ဧရိယာ သို့မဟုတ် ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများကို အတည်ပြုခြင်း။

(ခ) အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့တွင် ဖျက်ပိုးပြန့်ပွားမှု ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်-

(၁) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့အား ကြီးကြပ်ခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(၂) သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

(ဂ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ အဆိုပြုတင်ပြလာသော ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်နှင့် တင်သွင်းခွင့်လက်မှတ်များ ထုတ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ဆောင်ခများသတ်မှတ်ခြင်း၊

(ဃ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ အဆိုပြုတင်ပြလာသော စစ်ဆေးခြင်းအတွက် ဝန်ဆောင်ခနှုန်းထားနှင့် ဒဏ်ကြေးငွေကို အတည်ပြုပေးခြင်း၊

(င) ဖျက်ပိုးကင်းရှင်းရေးလုပ်ထုံးလုပ်နည်းများအား အတည်ပြုပေးခြင်း၊

(စ) ကြားစခန်းရှိ ကုန်စည်စုများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ဖျက်ပိုးကင်းရှင်းရေးအစီအမံများဆောင်ရွက်ခြင်းတို့ကို အတည်ပြုပေးခြင်း။

## အခန်း (၄)
## အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အဝင်အထွက်စစ်ဆေးရေးစခန်းများကို သတ်မှတ်ရန်နှင့် တိုးချဲ့ဖွင့်လှစ်ရန် ဗဟိုကော်မတီသို့ အဆိုပြုခြင်း၊

(ခ) ဤဥပဒေအရ သတ်မှတ်သည့် ဖျက်ပိုးစာရင်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု၊ အပင်နှင့် အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိစာရင်းများကို ဗဟိုကော်မတီသို့ အဆိုပြုခြင်း၊

(ဂ) ဖျက်ပိုးကင်းရှင်းသည့် ဧရိယာ သို့မဟုတ် ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများကို ဗဟိုကော်မတီသို့ အဆိုပြုခြင်း၊

(ဃ) ပြည်ပနိုင်ငံများ၏ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့များ၊ အပင်ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်၏ပိုင်နက်အတွင်းသို့ ဥပဒေအရသတ်မှတ်သည့် ဖျက်ပိုးဝင်ရောက်မှုကို တားဆီးကာကွယ်ခြင်း၊

(စ) စိုက်ခင်းများ၊ ပျိုးခင်းများ၊ နှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံများ၊ မှန်လုံအိမ်နှင့် ဓာတ်ခွဲခန်းများတွင် မျိုးပွားသောအပင်များ၊ သိုလှောင်ထားသော သို့မဟုတ် သယ်ဆောင်လာသောအပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိတွင် ဖျက်ပိုးကျရောက်မှု၊ ပြန့်ပွားမှုနှင့် ကာကွယ်နှိမ်နင်းမှုတို့ကို ထုတ်ပြန်အသိပေးနိုင်ရန် ဖျက်ပိုးစစ်တမ်း ကောက်ယူခြင်း၊

(ဆ) ဥပဒေအရ သတ်မှတ်သည့်ဖျက်ပိုးကို အမျိုးအစား ခွဲခြားခြင်း၊

(ဇ) ဖျက်ပိုးအန္တရာယ်ဆန်းစစ်ချက် ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံအတွင်းတင်သွင်းရန် ဖျက်ပိုးကင်းရှင်းမှု လိုအပ်ချက်များနှင့် သတ်မှတ်ချက်များကို သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်း၊

(ည) ဖျက်ပိုးကျရောက်မှုနည်းသော ဧရိယာများ၊ ဖျက်ပိုးကင်းရှင်းသော ဧရိယာများကို သတ်မှတ်နိုင်ရန် စစ်တမ်းကောက်ယူခြင်းနှင့် အန္တရာယ်ရှိနိုင်သည့် ဧရိယာများကို ကာကွယ်ခြင်းနှင့် ဗဟိုကော်မတီသို့ စိစစ်တင်ပြခြင်း၊

(ဋ) အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိ တစ်မျိုးမျိုးကို တင်သွင်းခွင့်လက်မှတ်ထုတ်ပေးခြင်း၊

(ဌ) အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်ဖက်နိုင်ငံမှ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ ဖျက်ပိုးကင်းရှင်းရေး သတ်မှတ်ချက်များနှင့်အညီ မိမိပြည်တွင်းမှ တင်ပို့သူများအား အသိပေးခြင်းနှင့် စစ်ဆေး၍ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊

(ည) အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တစ်ဆင့်ပြန်လည်တင်ပို့ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊

(ဎ) ကုန်စည်စုများကို တင်ပို့ရာတွင် အသုံးပြုထားသော သစ်သားထုပ်ပိုးပစ္စည်းများကို အပြည်ပြည် ဆိုင်ရာ အပင်ကျန်းမာရေးစံချိန်စံညွှန်းနှင့်အညီ လိုအပ်သည့်အစီအမံများပြုလုပ်ပြီး ထိန်းချုပ် ဖျက်ပိုးကင်းရှင်းကြောင်း အမှတ်တံဆိပ် ရိုက်နှိပ်ခြင်း၊

(ဏ) ဖျက်ပိုးမပြန့်ပွားစေရေးအတွက် လိုအပ်ပါက ကြားစခန်းမှလွှဲပြောင်းမည့် ကုန်စည်စု အမျိုးအစားနှင့် သယ်ယူသည့်စနစ်များနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြင်ပ ပုဂ္ဂိုလ်များနှင့်ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊

(တ) လိုအပ်သောဆေးစီရင်မှုများ ပြုလုပ်ရာတွင်လည်းကောင်း၊ ဖျက်ဆီးရာတွင်လည်းကောင်း ကြီးကြပ် ဆောင်ရွက်ခြင်း သို့မဟုတ် မူရင်းနိုင်ငံသို့ပြန်ပို့ခြင်း၊

(ထ) အန္တရာယ်ရှိသော ဖျက်ပိုးပါရှိလာသည်ဟု သံသယရှိပါက ယင်းကုန်စည်စုကို တင်သွင်းဝင်ရောက် ပြီးနောက် ထိန်းချုပ်ရန်နေရာသို့ ယူဆောင်ထားရှိပြီး စစ်ဆေးခြင်း၊

(ဒ) ဖျက်ပိုးကင်းရှင်းမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများပြုစုခြင်းနှင့် ဖျက်ပိုး ကင်းရှင်းမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဓ) စစ်ဆေးရေးမှူး၏ အရည်အချင်းသတ်မှတ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(န) စစ်ဆေးခြင်းအတွက် ဝန်ဆောင်ခနှုန်းထားနှင့် ဒဏ်ကြေးငွေကို ဗဟိုကော်မတီက အတည်ပြု သတ်မှတ်နိုင်ရန် အဆိုပြု တင်ပြခြင်း၊

(ပ) နိုင်ငံအတွင်းရှိ ဖျက်ပိုးနှင့် ဥပဒေအရသတ်မှတ်သည့် ဖျက်ပိုးများဆိုင်ရာ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် နည်းပညာနှင့် အတွေ့အကြုံဖလှယ်ခြင်း၊

(ဖ) ဖျက်ပိုးကင်းရှင်းရေးလုပ်ထုံးလုပ်နည်းများ ရေးဆွဲ၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဗ) ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်နှင့် တင်သွင်းခွင့်လက်မှတ် ထုတ်ပေးခြင်းအတွက် ဝန်ဆောင်ခများကို ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း။

၇။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဖျက်ပိုးဝင်ရောက်ခြင်းနှင့် ပြန့်ပွားခြင်းကိုကာကွယ်ရန် အဝင်အထွက် စစ်ဆေးရေးစခန်းများတွင် ကုန်စည်စုများကိုစစ်ဆေးခြင်း၊ လိုအပ်ပါက ဖျက်ပိုးသတ်ခြင်းနှင့် ဖျက်ပိုးသန့်စင်ခြင်း၊

(ခ) ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်ထုတ်ပေးပြီးနောက် တင်ပို့ခြင်းမပြုလုပ်မီ ဖျက်ပိုး ထပ်မံမကျရောက်စေရေးအတွက် သင့်လျော်သော ဖျက်ပိုးကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ဖျက်ပိုးဝင်ရောက်ခြင်းနှင့် ပြန့်ပွားခြင်းကိုကာကွယ်ရန် အဝင်အထွက် စစ်ဆေးရေးစခန်းများတွင် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် သိုလှောင်ရုံများကို ကြီးကြပ်စစ်ဆေးခြင်း၊

(ဃ) အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းရာတွင် ဖျက်ပိုးကင်းရှင်းရေးအစီအမံနှင့်မကိုက်ညီပါက တင်သွင်းမှုကို ငြင်းပယ်ခြင်း သို့မဟုတ် ရပ်ဆိုင်းထားခြင်း၊

(င) ကြားစခန်းရှိကုန်စည်စုများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ဖျက်ပိုးကင်းရှင်းရေးအစီအမံများ ဆောင်ရွက်ခြင်းတို့ကို ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်ခြင်း၊

(စ) မိမိအဖွဲ့၏ကိုယ်စား လုပ်ငန်းတာဝန်များကို အချိန်မီဆောင်ရွက်နိုင်ရန် လိုအပ်ပါက စစ်ဆေးရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(ဆ) ပြင်ပကျွမ်းကျင်သည့်အဖွဲ့များက အပင်ကျန်းမာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် လျှောက်ထားလာလျှင် စိစစ်၍ မှတ်ပုံတင်ခွင့်ပြုခြင်း။

## အခန်း (၅)
## ပြည်ပမှ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း

၈။ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်ပမှတင်သွင်းလိုသူသည်-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ တင်သွင်းခွင့်လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက် လျှောက်ထားခြင်းမပြုမီ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သို့ သတ်မှတ်ထားသော ဝန်ဆောင်ခပေးသွင်း၍ တင်သွင်းခွင့်လက်မှတ်ရယူရန် ဦးစွာလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားမှုကို ခွင့်ပြုချက်ရရှိ၍ ကုန်စည်စု တင်သွင်းရောက်ရှိလာသည့်အခါ အကောက်ခွန်ဦးစီးဌာနနှင့်အတူ ပူးပေါင်းစစ်ဆေးနိုင်ရေးအတွက် အမျိုးသားသီးနှံကာကွယ်ရေး အဖွဲ့သို့ အမြန်ဆက်သွယ်အကြောင်းကြားရမည်။

(ဂ) အဝင်အထွက်စစ်ဆေးရေးစခန်းများ၌ ကုန်စည်စုရောက်ရှိလာပါက ဖျက်ပိုးကင်းရှင်းရေး စစ်ဆေး ဆောင်ရွက်နိုင်ရန် အကောက်ခွန်ဦးစီးဌာနနှင့်ညှိနှိုင်းပြီး ကုန်စည်စုနမူနာထုတ်ယူ၍ ကုန်သွယ်ဖက် နိုင်ငံမှ ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်နှင့်အတူ အမျိုးသားသီးနှံကာကွယ်ရေး အဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။ စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ပေးဆောင်ရမည်။

(ဃ) ပြည်ပချောစာပို့ဌာနများသို့ ကုန်ပစ္စည်းရောက်ရှိလာပါက ဖျက်ပိုးကင်းရှင်းရေးစစ်ဆေးဆောင်ရွက် နိုင်ရန် မြန်မာ့စာတိုက်လုပ်ငန်း၊ အခြားပြည်ပချောပို့လုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာနတို့နှင့် ညှိနှိုင်းပြီး ကုန်ပစ္စည်းနမူနာထုတ်ယူ၍ ကုန်သွယ်ဖက်နိုင်ငံမှ ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက် လက်မှတ်နှင့်အတူ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ စစ်ဆေးခြင်းကိုခံယူရမည်။ စစ်ဆေးခြင်း အတွက် သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ပေးဆောင်ရမည်။

(င) ဖျက်ပိုးကင်းရှင်းကြောင်း အတည်ပြုချက်ရရှိပြီးမှသာ ကုန်စည်စု သို့မဟုတ် ကုန်ပစ္စည်းထုတ်ယူ ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည်။

(စ) ယခင်က ပြည်တွင်းသို့ လုံးဝတင်သွင်းခြင်းမပြုဖူးသေးသော အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိ အမျိုးအမည်အသစ် တင်သွင်းလိုပါက ဖျက်ပိုး အန္တရာယ်ဆန်းစစ်ခြင်းဆောင်ရွက်ရန် ကုန်ကျစရိတ်ကို တင်သွင်းသူမှပေးဆောင်ရမည်။

၉။ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်ပသို့ တင်ပို့လိုသူသည်-

(က) ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ရယူရန် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သို့ သတ်မှတ်ထားသော ဝန်ဆောင်ခကို ပေးဆောင်၍ လျှောက်ထားရယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် တင်ပို့မည့် ပြည်ပနိုင်ငံ၏သတ်မှတ်ချက်အရ ဖျက်ပိုး သန့်စင်ခြင်း သို့မဟုတ် ဖျက်ပိုးသတ်ခြင်းများ လုပ်ဆောင်ရန်လိုအပ်ပါက ပိုးသတ်ဆေးဥပဒေအရ ပိုးသတ်မှိုင်းတိုက်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူက ထုတ်ပေးသော ပိုးသတ်မှိုင်းတိုက်ခြင်းပြီးစီးကြောင်း အထောက်အထားကို တင်ပြရမည်။

(ဂ) ဖျက်ပိုးကင်းရှင်းမှု ရှိ မရှိ စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ပေးဆောင် ရမည်။

(ဃ) မတင်ပို့မီ ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် လျှောက်ထားရရှိမှသာ တင်ပို့ခြင်း ပြုရမည်။

၁၀။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် ပြည်ပမှတင်သွင်းမည့် သို့မဟုတ် ပြည်ပသို့တင်ပို့မည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိနှင့်စပ်လျဉ်း၍

အပြည်ပြည်ဆိုင်ရာသီးနှံကာကွယ်ရေးကွန်ဗင်းရှင်းက ချမှတ်ထားသော အပင်ကျန်းမာရေး စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးရမည်။

၁၁။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် ပုဒ်မ ၈ နှင့် ၉ တို့အရ လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက တင်သွင်းခွင့်လက်မှတ် သို့မဟုတ် ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ် ထုတ်ပေးရမည်။

၁၂။ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းပြုလုပ်ရာတွင် ဤဥပဒေအရဆောင်ရွက်ရမည့် လုပ်ငန်းလိုအပ်ချက်အတွက် သယ်ယူပို့ဆောင်မှု သို့မဟုတ် သိုလှောင်ထိန်းသိမ်းမှုကုန်ကျစရိတ်ကို သက်ဆိုင်ရာပစ္စည်းတင်သွင်းသူ သို့မဟုတ် တင်ပို့သူက ကျခံရမည်။

## အခန်း (၆)
## စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ စစ်ဆေးရေးမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အဝင်အထွက်စစ်ဆေးရေးစခန်းများတွင် ဖျက်ပိုးကင်းရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ဖျက်ပိုးကင်းရှင်းရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို သယ်ဆောင်လာသည့် ယာဉ်များကို အဝင်အထွက် စစ်ဆေးရေးစခန်းမှ ဈေးကွက်ရောက်သည်အထိ သက်ဆိုင်သူအား အသိပေး၍ အချိန်မရွေး၊ နေရာမရွေး စစ်ဆေးခွင့်ရှိခြင်း၊

(ဂ) ကုန်စည်စုတစ်ခုတွင်ပါဝင်သည့် ကုန်ပစ္စည်းအမျိုးအစားအလိုက် ဖျက်ပိုးကင်းရှင်းရေးလိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ဆုံးဖြတ်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်း၊

(ဃ) ဤဥပဒေအရထုတ်ပြန်သည့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်စည်စုများကို စစ်ဆေးခြင်း၊ မှတ်ပုံတင်စာရင်း ရေးသွင်းခြင်း၊

(င) ကုန်စည်စုစစ်ဆေးခြင်းနှင့်တစ်ပြိုင်တည်း ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုယ်စားပြုနမူနာရယူပြီး မျက်မြင်စစ်ဆေးခြင်း၊ လိုအပ်ပါက ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေး၍ ဖျက်ပိုးအမျိုးအစားအတည်ပြုချက်ရယူခြင်းနှင့် သတ်မှတ်ထားသော ဓာတ်ခွဲစစ်ဆေးခကို ကုန်စည်စုကိုတင်သွင်းသူ သို့မဟုတ် တင်ပို့သူက ပေးဆောင်စေခြင်း၊

(စ) ဖျက်ပိုးစစ်ဆေးသည့်လုပ်ငန်းကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆောင်ရွက်ခြင်း၊

(ဆ) တင်သွင်းလာသော ဖျက်ပိုးတွေ့ရသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရ သတ်မှတ်သည့် အရာဝတ္ထု၊ အကျိုးပြုသက်ရှိ သို့မဟုတ် ထိန်းချုပ်ဖျက်ပိုးများ ကပ်ငြိပါလာနိုင်သည့် အခြားပစ္စည်းအားလုံးကိုစစ်ဆေးပြီး ကာကွယ်နှိမ်နင်းရမည့် နည်းလမ်းများသတ်မှတ်၍ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာပစ္စည်းများကို ဖျက်ဆီးရန်လိုအပ်သည့် အခြေအနေမျိုးတွင် ညွှန်ကြားရေးမှူးထံ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ဇ) စစ်ဆေးရာတွင် ဖျက်ပိုးအသစ်တွေ့ရှိပါက သင့်လျော်သည့် အရေးပေါ်လုပ်ဆောင်မှုများကို ပြုလုပ်ခြင်းနှင့် ယင်းဖျက်ပိုးအန္တရာယ်ဆန်းစစ်ချက်ကို ဆောင်ရွက်ခြင်း၊

(ဈ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်မှုပြုလုပ်ပြီး စစ်ဆေးမှုအစီရင်ခံစာကို ညွှန်ကြားရေးမှူးထံ ပြုစုတင်ပြခြင်း၊

(ည) မိမိ၏ဆုံးဖြတ်ချက်များ သို့မဟုတ် ဆောင်ရွက်ချက်များသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီကြောင်း တာဝန်ယူခြင်း၊

(ဋ) ကုန်ပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့်စပ်လျဉ်းသည့် ကုန်သွယ်မှုဆိုင်ရာ လျှို့ဝှက်ချက်များအား ထိန်းသိမ်းထားရှိခြင်း။

## အခန်း (၇)
## ဖျက်ပိုးကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များအတွက် စစ်ဆေးဆုံးဖြတ်ခြင်း

၁၄။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည်-

(က) တင်သွင်းသည့်ကုန်စည်စုများနှင့်စပ်လျဉ်း၍ အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိပါက ယင်းတွေ့ရှိချက်ကို တင်ပို့သောနိုင်ငံသို့ သတ်မှတ်ပုံစံဖြင့် အသိပေးအကြောင်းကြားရမည်-

(၁) ဖျက်ပိုးကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိခြင်း၊

(၂) ဥပဒေအရသတ်မှတ်သည့် ဖျက်ပိုးစစ်ဆေးတွေ့ရှိခြင်း၊

(၃) ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်များပေါ်တွင် ဖျက်ရာများ၊ ပြင်ဆင်ရာများ ရှိခြင်း၊

(၄) ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်ပေါ်တွင် ဖော်ပြရမည့်အချက်အလက်များ မပြည့်စုံခြင်း၊

(၅) တားမြစ်ထားသော ကုန်စည်စုများ တင်သွင်းခြင်း၊

(၆) တင်သွင်းလာသောကုန်စည်စုတွင် တားမြစ်ထားသောအရာဝတ္ထုများ ပါလာခြင်း၊

(၇) သတ်မှတ်ထားသော ဆေးစီရင်မှုပြုလုပ်ရန် ပျက်ကွက်ခြင်း၊

(၈) ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထုများကို စီးပွားဖြစ်ပမာဏ မဟုတ်သော်လည်း ခရီးသည် သို့မဟုတ် စာတိုက်မှ သယ်ယူပို့ဆောင်ခြင်းကို ကြိမ်ဖန်များစွာ တွေ့ရခြင်း။

( ခ ) ပုဒ်မခွဲ (က) အရ စစ်ဆေးတွေ့ရှိချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ပစ္စည်းနမူနာများကို ပြန်လည် စုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်ကို ပြန်လည်ပေးပို့ရန် တင်ပို့သောနိုင်ငံသို့ အကြောင်းကြားရမည်။

၁၅။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် တင်သွင်းသောကုန်ပစ္စည်းမှ အောက်ပါအချက်များတွေ့ရှိပါက အရေးပေါ်လုပ်ဆောင်မှုကို ဆောင်ရွက်ရမည်-

(က) ကုန်ပစ္စည်းနှင့်အတူပါလာသည့် ဖျက်ပိုးသည် မိမိနိုင်ငံ၏ ဥပဒေအရသတ်မှတ်သည့် ဖျက်ပိုးစာရင်းတွင် မပါရှိသော်လည်း အန္တရာယ်ရှိနိုင်သည်ကို တွေ့ရှိရခြင်း၊

( ခ ) ကုန်ပစ္စည်းနှင့်အတူ နိုင်ငံအတွက် စီးပွားရေးအရ ထိခိုက်မှုဖြစ်နိုင်ခြေရှိသည့် ဖျက်ပိုးတစ်မျိုးမျိုးကို တွေ့ရှိရခြင်း။

## အခန်း (၈)
## တားမြစ်ချက်

၁၆။ မည်သူမျှ တင်သွင်းခွင့်လက်မှတ်မရရှိဘဲ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းခြင်း မပြုရ။

၁၇။ ပြည်ပမှတင်သွင်းသူ မည်သူမျှ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့် အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းလာသည့်နိုင်ငံမှ ဖျက်ပိုးကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်နှင့် အတူ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့၏ စစ်ဆေးမှုနှင့် ကြီးကြပ်မှုကို ခံယူရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၈။ မည်သူမျှအမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့က ဖျက်ပိုးသန့်စင်ရန် သို့မဟုတ် ဖျက်ပိုးသတ်ရန် ကြေညာထားသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြု သက်ရှိကို ပြည်တွင်း၌ တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်း မပြုရ။

၁၉။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ခြင်း မပြုရ။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ စစ်ဆေးရေးမှူးသည် ပုဒ်မ ၁၆၊ ၁၇၊ ၁၈ နှင့် ပုဒ်မ ၁၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ မည်သူ့ကိုမဆို အောက်ပါစီမံခန့်ခွဲရေးနည်းလမ်းအရ ဆုံးဖြတ်ချက်ချမှတ်ရမည်-

(က) ပထမအကြိမ်ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် သုံးသိန်းအထိ ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခံရပြီးနောက် ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် ခုနစ်သိန်းအထိ ဒဏ်ကြေးငွေကို ထပ်မံပေးဆောင်စေရမည့်အပြင် တင်သွင်းလာသောကုန်ပစ္စည်း သို့မဟုတ် ရွှေ့ပြောင်းသယ်ဆောင်သောပစ္စည်းကို နိုင်ငံတော်ပိုင်အဖြစ်သိမ်းဆည်းပြီး ယင်းပစ္စည်းကို လိုအပ်သလိုစီမံခန့်ခွဲနိုင်ရေးအတွက် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးထံ ဆက်လက်တင်ပြရမည်။

(ဂ) ဒဏ်ကြေးငွေကို ဖောက်ဖျက်ကျူးလွန်သူက ပေးဆောင်ရန်ပျက်ကွက်လျှင် ၎င်းအား အမည်ပျက်စာရင်းထည့်သွင်း၍ သတင်းစာတွင် ထုတ်ပြန်ကြေညာရမည်။

၂၁။ စစ်ဆေးရေးမှူးသည် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်လျှင် ယင်းဆုံးဖြတ်ချက်နှင့်အကျုံးဝင်သော ကုန်ပစ္စည်းကို ဖျက်ဆီးခြင်း၊ ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်သော သို့မဟုတ် အသုံးပြုသော သိုလှောင်ရုံ၊ သယ်ဆောင်ယာဉ်၊ ကုန်တင်သေတ္တာနှင့် အကျိုးပြုသက်ရှိတို့ကို နိုင်ငံပိုင်အဖြစ်သိမ်းဆည်းခြင်း ပြုနိုင်သည် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူအား ဖျက်ပိုးသတ်ခြင်း သို့မဟုတ် ဖျက်ပိုးသန့်စင်ခြင်းကို ဆောင်ရွက်စေပြီး တင်သွင်း ခွင့်ပြုနိုင်သည်။ အဆိုပါကုန်ပစ္စည်းဖျက်ဆီးခြင်း၊ ဖျက်ပိုးသတ်ခြင်း သို့မဟုတ် ဖျက်ပိုးသန့်စင်ခြင်းအတွက် ကုန်ကျစရိတ်ကို ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူက ကျခံရမည်။

## အခန်း (၁၀)
## အယူခံဝင်ခြင်း

၂၂။ စစ်ဆေးရေးမှူး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၂၃။ ညွှန်ကြားရေးမှူးသည် စစ်ဆေးရေးမှူး၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံလွှာလက်ခံရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၄။ ပုဒ်မ ၂၃ အရ ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက် ၃၀ အတွင်း ပြည်ထောင်စုဝန်ကြီးထံ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၂၅။ ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူး၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံလွှာလက်ခံရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၆။ ပြည်ထောင်စုဝန်ကြီး၏အဆုံးအဖြတ်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## ဘဏ္ဍာရန်ပုံငွေသုံးစွဲခြင်း

၂၇။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ဆောင်ခနှင့် ဒဏ်ကြေးငွေတို့ကို အမျိုးသားသီးနှံကာကွယ်ရေးဆိုင်ရာ ဘဏ္ဍာရန်ပုံငွေတစ်ရပ်ထူထောင်ထားရှိပြီး ယင်းရန်ပုံငွေအတွက် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ သတ်မှတ်ပြဋ္ဌာန်းရမည်။

၂၈။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည်-

(က) ဗဟိုကော်မတီ၏အတည်ပြုချက်ရယူ၍ ပုဒ်မ ၂၇ ပါ ဘဏ္ဍာရန်ပုံငွေကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းရေးဆွဲ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၂)
## အထွေထွေ

၂၉။ အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပညာရပ်ဆိုင်ရာလိုအပ်ချက်များ၊ သုတေသန သို့မဟုတ် မျိုးရွေးချယ်မှုများအတွက် ရည်ရွယ်သည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုအပ်သလို ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၀။ အပင်၊ အပင်ထွက်ပစ္စည်း၊ ဥပဒေအရသတ်မှတ်သည့်အရာဝတ္ထု သို့မဟုတ် အကျိုးပြုသက်ရှိကို ပြည်တွင်းသို့ တင်သွင်းခွင့်လိုင်စင်၊ ခွင့်ပြုမိန့် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့ကထုတ်ပေးသော တင်သွင်းခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ လိုင်စင်ထုတ်ပေးရမည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့်ညှိနှိုင်း၍ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အမျိုးသားသီးနှံကာကွယ်ရေးအဖွဲ့သည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၃၂။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (၁၉၉၃ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)

### ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

## (၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတွင်ပါရှိသော “စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန” ဆိုသည့်စကားရပ်ကို “စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၁။ အစိုးရကြွေးမြီအတွက် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ် သုံးနှစ်ကာလအတွက် ဝန်ကြီးဌာနကရေးဆွဲ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ပြီး အနီးကပ်ဆုံး ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။”

၄။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၄။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော အစိုးရကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို ဘဏ္ဍာရေးနှစ် သုံးနှစ်တာကာလ၏ ပထမဘဏ္ဍာရေးနှစ်မစမီ ထုတ်ပြန်ကြေညာရမည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၈/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးတင်ဝင်း ကို ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာပေါ် ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဆောင်ရွက် ဖြေရှင်းနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးတင်ဦး | ဥက္ကဋ္ဌ ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်မောင်ဦး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဒေါ်မြင့်မြင့်သီ | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးစိန်ဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဦးထိန်ဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးစောထွန်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းရဲရင့်ထက် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဒေါ်ယဉ်ဆွေဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးဝင်းလှိုင်ဦး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးယဉ်ထွေး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဦးတိုးဝင်း | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.ဝင်းလွင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဒေါ်သီတာလွင် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဒေါ်မာမာအေး | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးသစ်ထူးမြင့် | အဖွဲ့ဝင်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးအောင်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးကြည်စိန် | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးမြင့်တင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးနေသီဟ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဦးလှသိန်း | တိုင်းလိုင် (ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးခုပ်ဆန်းထန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၂) | ဦးစိုးကိုကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၃) | ဒေါ်ခင်ဝင်းကြူ | ရှမ်းနီ (တိုင်းလျှန်) သွေးစည်းညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၂၄) | ဦးကျော်တင် | အမျိုးသားတိုးတက်ရေးပါတီ | အဖွဲ့ဝင် |
| (၂၅) | ဦးအောင်နေမျိုး | ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၆) | ဦးဝင်းထက် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၇) | ဦးဝင်းမြိုင် | အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ | အဖွဲ့ဝင် |
| (၂၈) | ဦးဇန်လာလ်မွန် | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | အဖွဲ့ဝင် |
| (၂၉) | ဦးရမ်သင်လိန် | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၃၀) | ဦးအကမ်းပေါ်လင်း | နာဂအမျိုးသားပါတီ | အဖွဲ့ဝင် |
| (၃၁) | ဦးစိုးဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၃၂) | ဦးသိန်းအောင် | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | အဖွဲ့ဝင် |
| (၃၃) | ဦးအောင်စိုး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၄) | ဦးခင်မောင်စိုး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၅) | ဦးအောင်မိုး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၆) | ဦးအောင်သွင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၇) | ဒေါ်စောမိုးဆွေ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၃၈) | ဦးအောင်မျိုးလွင် | အတွင်းရေးမှူး၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |
| (၃၉) | ဦးလေးနိုင် | လက်ထောက်ညွှန်ကြားရေးမှူး၊ | တွဲဖက် |
| | | တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး | အတွင်းရေးမှူး |

(ခ) **ကလေးခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းဆွေ | ဥက္ကဋ္ဌ ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | ဥက္ကဋ္ဌ |
| (၂) | ဦးရဲမြင့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်မြလွင် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၄) | ဦးကြည်ဆွေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်ဌေး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၆) | ဦးSTကျင့်ရှင်းထန် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |
| (၇) | ဦးသိန်းဇော်ဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ထွေ/အုပ်) | အဖွဲ့ဝင် |
| (၈) | ဦးညီညီဇော် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပြန်/ဆက်) | အဖွဲ့ဝင် |
| (၉) | ဦးရဲမင်းလှ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| (၁၀) | ဦးသန်းဇော်ဦး | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(လဝက) | အဖွဲ့ဝင် |
| (၁၁) | ဦးမြင့်ဆွေ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပညာရေး) | အဖွဲ့ဝင် |
| (၁၂) | Dr.အောင်မျိုးဝင်း | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကျန်းမာရေး) | အဖွဲ့ဝင် |
| (၁၃) | ဦးကျော်သီဟ | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဥပဒေ) | အဖွဲ့ဝင် |
| (၁၄) | ဦးဖေညွှန့် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စာရင်းစစ်) | အဖွဲ့ဝင် |
| (၁၅) | ဦးမြင့်စိန် | အဖွဲ့ဝင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စည်ပင်) | အဖွဲ့ဝင် |
| (၁၆) | ဦးဒန်နီရယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၁၇) | ဦးလျှန်လမ်းထန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | အဖွဲ့ဝင် |
| (၁၈) | ဦးထွန်းချစ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | အဖွဲ့ဝင် |
| (၁၉) | ဦးကမ်ရှင်းမုန် | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | အဖွဲ့ဝင် |
| (၂၀) | ဒေါ်တူးတူးမြိုင် | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | အဖွဲ့ဝင် |
| (၂၁) | ဦးမျိုးမြင့်နိုင် | ပြည်သူ့ပါတီ | အဖွဲ့ဝင် |
| (၂၂) | Dr.စိန်အောင်မင်း | တစ်သီးပုဂ္ဂလ | အဖွဲ့ဝင် |
| (၂၃) | ဦးမင်းနောင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၄) | ဦးတင်ဆန်း | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၅) | ဦးဌေး | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၆) | ဦးငူးရဲလျံနာ | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၇) | ဒေါ်ဒါးလ်ဆွမ်းညင် | ဩဇာတိက္ကမရှိသူ | အဖွဲ့ဝင် |
| (၂၈) | ဒေါ်ယဉ်နွယ်နွယ် | အတွင်းရေးမှူး၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အတွင်းရေးမှူး |

(ဂ) **ကသာခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ**

| | | | |
|---|---|---|---|
